ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့(၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၆၉.၃၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ပြည်ပခရီးစဉ်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ပူးပေါင်း ကော်မတီ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အခမ်းအနားပြင်ဆင်ရေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဘတ်ဂျက် ပူးပေါင်းကော်မတီအစည်းအဝေး။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်ကိုယ်စားလှယ်၊ ကော်မတီ တာဝန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ပူးပေါင်း ကော်မတီ အစည်းအဝေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကျန်းမာရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်ရေးကိုယ်တာ။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကော်မတီအစည်းအဝေး။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကော်မတီအစည်းအဝေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ပူးပေါင်းကော်မတီ အစည်းအဝေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၆၆)ဦး ဖြစ်ပြီးခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကိုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဆောင်ရွက်မည့် နည်းစနစ်၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဆောင်ရွက်မည့် နည်းစနစ်၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနဲ့စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားတဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် လူကြီးများ၊ လွှတ်တော် ကော်မရှင်လူကြီးများ အားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး အကြံပြုခြင်း၊ သိချင်တာလေးကိုလည်း သိလိုမှု မေးမြန်းလိုခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ရာမှာ တရားမျှတ ၍ သန့်ရှင်းမှန်ကန်သော ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးထားသည်မှာ အားလုံးအသိ ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ကျွန်တော်တို့ ဒေသတစ်ခုရဲ့ အတွေ့အကြုံကို ကျွန်တော် အနည်းငယ် ပြောချင်ပါတယ်။ ဒါကတော့ ခရိုင်ကော်မရှင် အဖွဲ့ခွဲနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်တို့ ဖလမ်းခရိုင် ကော်မရှင်အဖွဲ့ခွဲက တာဝန်ရှိသူများက ကျွန်တော်တို့ ကိုယ်စားလှယ်လောင်းများကို လူတွေ့စစ်ဆေးတဲ့ အခါ ကျွန်တော့်မိတ်ဆွေ ကိုယ်စားလှယ်လောင်းတစ်ဦးဟာ အခြေခံဥပဒေပုဒ်မ ၁၂၀(ဂ) အရ မြန်မာနိုင်ငံတော်အတွင်း အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ မဟုတ်၍ ကိုယ်စားလှယ်လောင်း မဖြစ်နိုင်ဆိုခဲ့သော်လည်း ဘာကြောင့်လဲဆိုတာကတော့ ကျွန်တော်တို့ မသိတော့ဘူး။ ကိုယ်စားလှယ် လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရပါတယ်။ အဲဒီလိုဟာမျိုး အလားတူပဲ မင်းတပ်ခရိုင်မှာ ကိုယ်စားလှယ်လောင်းတစ်ဦးဟာ ခုနပုဒ်မနဲ့အညီ နိုင်ငံတော်အတွင်း တစ်ဆက်တည်း (၁၀)နှစ် မပြည့်ဘူးဆိုပြီးတော့ အပယ်ခံရပါတယ်။ အဲဒီလူကတော့ ကိုယ်စားလှယ်လောင်းအဖြစ် ပြန်လည်ပြီးတော့ အရွေးခံခွင့်မရတော့ပါ။

ဒါ ကျွန်တော်ပြောချင်တာကတော့ ခရိုင်ကော်မရှင်အဖွဲ့ခွဲဟာ ဗဟိုရဲ့ကိုယ်စား အရေးကြီးတဲ့ ကော်မရှင်ဖြစ်တယ်။ ဒါကြောင့် လုပ်တဲ့အခါမှာလည်း မှန်ကန်ဖို့၊ ပြတ်သားဖို့ လိုတယ်။ ကိုယ်စားလှယ် လောင်း တစ်ဦးတစ်ယောက်ကို မျက်နှာငယ်အောင် ခင်ဗျားက ဗမာမဟုတ်ဘူးဆိုပြီး၊ နောက်တစ်ခါ ခင်ဗျား မှန်ပါတယ်ဆိုတာမျိုးကတော့ ဒီပြီးစလွယ်နဲ့ မလုပ်သင့်၊ မပြောသင့်ဘူးလို့ ကျွန်တော်ဒီကနေ ပြောချင်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဆိုတာကတော့ ဘယ်အဆင့်ပဲဖြစ်ဖြစ် ပြည်သူများ ယုံကြည် လေးစားသော ကော်မရှင်အဖွဲ့ဝင်များဖြစ်ရန် လိုပါတယ်။ အဲဒါကြောင့် ပြည်သူများ အမြင်ကြည်အောင် ၂၀၁၅ ရွေးကောက်ပွဲအတွက် ဗဟိုမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကော်မရှင်အဖွဲ့ဝင်အားလုံးသည် မည်သည့် နိုင်ငံရေးပါတီမှ မဖြစ်ခဲ့ဘူးသူ ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးသင့်ပါတယ်။

အထူးသဖြင့် ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများဆိုရင် မည်သည့်နိုင်ငံရေးပါတီမှ မဖြစ်ခဲ့ဘူးတဲ့သူ ဖြစ်သင့်ပါတယ်။ ရွေးကောက်ပွဲ ကော်မရှင်များသည် အထူးသဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများသည် ရွေးကောက်ပွဲကိစ္စမှ လွဲလျှင် အခြားနိုင်ငံရေးဆိုင်ရာ စကားမပြောသင့်ပါ။ ၂၀၁၅ ယခုမှစပြီး သူတို့ ပါးစပ်ပိတ်ဖို့လိုတယ်။ နောက်ပြီးတော့ ကော်မရှင်လုပ်ငန်းကတော့ မှန်မှန်ကန်ကန် အေးအေးဆေးဆေးနဲ့ ပြီးနိုင်အောင် သူတို့ကတော့ ကြိုးစားပြီး ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလို ကျွန်တော်ပြောတာကတော့ ဥက္ကဋ္ဌ ကျွန်တော်မှားချင်လည်း မှားမယ်။ ဟို လွန်ခဲ့တဲ့လတုန်းက ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီ

များကိုခေါ်ပြီး ဆွေးနွေးတုန်းက ကျွန်တော့်သူငယ်ချင်းပြောတာ၊ ဒီ ဗဟိုကော်မရှင်ဥက္ကဋ္ဌက လွှတ်တော်မှာတဲ့ အမျိုးသမီးကိုယ်စားလှယ် နည်းတယ်တဲ့၊ အဲဒါကြောင့် ခင်ဗျားတို့ ပါတီများမှာ ဒီလွှတ်တော်မှာ အမျိုးသမီးကိုယ်စားလှယ်ရောက်အောင် လုပ်ဖို့လိုတယ်လို့ပြောတယ်တဲ့။ အဲဒီစကားကတော့ သူပြောတာ မမှားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာကျတော့ လူတစ်ယောက်က သဘောထား မှန်မှန်ကန်ကန်နဲ့ သူပြောသော်လည်းပဲ ဘေးကလူတွေက ဒီ မမှန်ဘူး၊ မကောင်းဘူးစသည်ဖြင့် အယူအဆရှိတတ်တယ်။ အဲဒါကျွန်တော်တို့ နိုင်ငံလူဦးရေ တော်တော်များများက ဒီလိုစိတ်ဓာတ်ရှိပါသေးတယ်။ အမြင်မမှန်တဲ့ ပုံစံနဲ့သူတို့ပြောတတ်တယ်။ အဲဒါကြောင့် ခုနကျွန်တော်ပြောတာ ပါးစပ်ပိတ်ဖို့ လိုတယ်ဆိုတာက ဒီအတိုင်း ချိုချိုသာသာလည်း ကျွန်တော်မပြောတတ်တော့ ပါးစပ်ပိတ်ပြီး ထိုင်ရမယ်လို့ ကျွန်တော်ပြောတာဖြစ်ပါတယ်။

နောက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ရွေးကောက်ပွဲအချိန်တုန်းက ရွေးကောက်ပွဲကော်မရှင်နဲ့ အဖွဲ့ခွဲများ ရစရာမရှိအောင် ရက်ရက်စက်စက် ဝေဖန်အပြောခံရတာ အများဆုံးကတော့ ကြိုတင်မဲကြောင့်ပဲ ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာကျတော့ ကြိုတင်မဲပေးခြင်း မရှိရင် အကောင်းဆုံးဖြစ်မှာဘဲ၊ အဲဒီအခါမှာ ပြောစရာ၊ ဆိုစရာမရှိတော့ပါဘူး။ နည်းသွားမှာပေါ့။ ကြိုတင်မဲ မှန်/မမှန်ဟိုတုန်းကတော့ ကြိုတင်မဲ မှန်/မမှန်ဆိုတာ စစ်ဆေးသူလည်း မရှိ၊ အချို့နေရာမှာ အဆမတန် ကြိုတင်မဲက များပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်မဲ အမှန်ပေးမယ့်သူကတော့ ကျွန်တော့်အထင်နဲ့ ပြောမယ်ဆိုရင် မဲပေးမယ့်သူ ဦးရေ၏ (၁)ရာခိုင်နှုန်းလောက်ပဲ ရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီဟာ ထက်တောင်မှ မဲနည်းနိုင်ပါတယ်။ ကြိုတင်မဲပေးမယ့်သူကတော့၊ အဲဒါကြောင့် ကော်မရှင်အဖွဲ့ဝင်များလည်း စိတ်ချမ်းသာအောင် ပြည်သူများလည်း မကျေနပ်စရာ၊ ဝေဖန်ဆိုစရာ မရှိအောင် ကြိုတင်မဲပေးခြင်း မလုပ်ရင်တော့ ကောင်းမှာပဲ၊ ၂၀၁၅ ရွေးကောက်ပွဲဟာ အငြင်းအခုံ စကားပြောဆိုခြင်းနဲ့ အပြစ်တင်ဝေဖန် ပြောဆိုခြင်းလည်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲကြီးကိုလည်း အအေးဆေးဆုံးနဲ့ စိတ်အချမ်းသာဆုံး ရွေးကောက်ပွဲ ဖြစ်သွားမှာ ဖြစ်ပါတယ်။ အကယ်၍ ကြိုတင်မဲပေးစနစ်ကို ဆက်လက်ကျင့်သုံးမယ်ဆိုရင်လည်း ကော်မရှင်အဖွဲ့ခွဲရုံးမှ ထုတ်ပေးတဲ့ ကြိုတင်မဲ စာအိတ်ကို မဲပေးသူက မိမိယုံကြည်စိတ်ချရသော မိသားစုဝင်တစ်ဦးဦးထံ ပေးအပ်ပြီး မဲပေးတဲ့နေ့မှာ ကြိုတင်မဲစာအိတ်ကို ကော်မရှင်ရုံး သို့မဟုတ် ဒါမှမဟုတ်လို့ရှိရင် မဲရုံမှူးထံပေးအပ်ခြင်းကို ခွင့်ပြုမယ်ဆိုလို့ရှိရင် ပြဿနာလျော့နည်းနိုင်ပါတယ်လို့၊ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်သိချင်တဲ့ မေးခွန်းများ မေးတဲ့အခါမှာ ဖြေကြားမယ့် လူကြီးကနေ ကျွန်တော့်မေးခွန်းကို ပြည့်ပြည့်စုံစုံနဲ့ ဖြေကြားနိုင်ဖို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေတ္တာရပ်ခံပါတယ်။

ကျွန်တော့်မေးခွန်းကလည်း တချို့တွေကတော့ သဘောမပေါက်တာလည်း ရှိရင် ရှိနိုင်ပါတယ်။ (၁) မေးခွန်းကတော့ ၂၀၁၀ ရွေးကောက်ပွဲ မလုပ်နိုင်တဲ့ ဒေသများ အပါအဝင် တစ်နိုင်ငံ လုံး ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ပြည့်စုံစွာ ဖွဲ့စည်းတာဝန်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌတာဝန် ပေးတဲ့အခါမှာ လက်ရှိဝန်ထမ်းများ၊ လက်ရှိဝန်ထမ်းဖြစ်သူနဲ့ ဝန်ထမ်းမဟုတ်သူ အရေအတွက် ဦးရေ ခွဲခြားပြီးတော့ သိလိုပါတယ်။ (၃) ကတော့ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ တာဝန်ပေးအပ်တဲ့အခါမှာ နယ်မြေဒေသကျွမ်းကျင်သူ ဒေသခံများကို ဦးစားပေးခြင်း ရှိ/မရှိ။ မည်ကဲ့သို့ တာဝန်ပေးသည်ကို သိလိုပါတယ်။ (၄)ကတော့ ကြိုတင်မဲပေး

စနစ်ကျင့်သုံးပါက ကြိုတင်မဲစာအိတ်ကို ယုံကြည်သူ မိသားစုဝင် တစ်ဦးဦးက မဲပေးတဲ့နေ့မှာ တာဝန်ရှိသူ အဖွဲ့ အစည်းရုံးသို့ကိုယ်စား ပေးအပ်ခွင့်ပြုရန် အစီအစဥ် ရှိ/မရှိ။ (၅)ကတော့ သန့်ရှင်းမှန်ကန်၍ စည်းကမ်း ပြည့်ဝသော ကြိုတင်မဲပေးစနစ် ကျင့်သုံးနိုင်ရန် မည်ကဲ့သို့ အစီအစဥ် ရှိသည်ကို သိလိုပါတယ်။ (၆)ကတော့ ၂၀၁၅ ရွေးကောက်ပွဲသည် တရားမျှတ၍ စည်းကမ်းပြည့်ဝသော ရွေးကောက်ပွဲ ဖြစ်မယ်လို့ ယုံကြည်ပါသလား။ ကြိုတင်ပြင်ဆင်မှု အကျဥ်းမျှ ရှင်းလင်းစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို လေးစားပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၃)မှ လွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မေးမြန်းတဲ့ မေးခွန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ရဲ့ ကိုယ်စား ကျွန်တော်ဖြေကြားခွင့် ပြုပါခင်ဗျား။ မေးခွန်းကတော့ အချက်(၆)ချက် ဖြစ်ပါတယ်။

(၁)အချက်ဖြစ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းထားရှိပေးနိုင်ခြင်း ရှိ/မရှိ အခြေအနေနဲ့ ပတ်သက်၍ ဖြေကြားရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အနေနဲ့ ပြည်နယ်၊ တိုင်းကော်မရှင် အဖွဲ့ခွဲ (၁၄)ဖွဲ့ကို ကော်မရှင်ရဲ့ ၇-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက် အမှတ် ၃/၂၀၁၀ နဲ့ ကျွန်တော်တို့ ဖွဲ့စည်းပေးထားပြီး ဖြစ်ပါတယ်။ ခရိုင်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ (၆၇)ဖွဲ့ကိုလည်းပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၇-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၄/၂၀၁၀ ကနေပြီးတော့ ၁၇/၂၀၁၀ အထိ ကြေညာချက်အမှတ်များနဲ့ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ (၆)ဖွဲ့ကိုလည်းပဲ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၃-၈-၂၀၁၀ ရက်စွဲတူ ကြေညာချက်အမှတ် ၉၃/၂၀၁၀ နဲ့ ၉၄/၂၀၁၀ တို့အရ ကျွန်တော်တို့ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။

နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှု အခြေအနေကို ဖြေကြား ရမယ်ဆိုလို့ရှိရင် ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲမှာ လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက် ပွဲ ကျင်းပရန် အခြေအနေမရှိတဲ့ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း မပြုလုပ်နိုင်တဲ့ ပန်ဆန်း၊ နားဖန်း၊ ပန်ဝိုင်နဲ့ မိုင်းမောမြို့နယ်တို့မှအပ ကျန်မြို့နယ် (၃၂၆)မြို့နယ်အတွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ များကို အားလုံးပြည့်စုံစွာ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ စုစုပေါင်း ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ပေါင်း (၁၅၇၈၀)ကို ဖွဲ့စည်းပေးထားခဲ့ပြီး ဖြစ်ပါတယ်။

(၂)မေးခွန်းဖြစ်တဲ့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်တဲ့ဥက္ကဋ္ဌ တာဝန် ပေးတဲ့နေရာမှာ လက်ရှိဝန်ထမ်းဖြစ်သူနဲ့ ဝန်ထမ်းမဟုတ်သူ အငြိမ်းစားများ ပါဝင်တာဝန်ပေးမှု

အရေအတွက် ခွဲခြားသိလိုတယ်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားရမယ် ဆိုလို့ရှိရင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၉-၁၀-၂၀၁၄ ရက်စွဲပါကြေညာချက်အမှတ် ၂/၂၀၁၄ နဲ့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကို ဖွဲ့စည်းပေးတဲ့နေရာမှာ လိုက်နာဆောင်ရွက်ရမယ့် မူဝါဒများကို သတ်မှတ်ညွှန်ကြား ထားပြီး ဖြစ်ပါတယ်။ ဒီမှာလည်းပဲ ကော်မရှင်အဖွဲ့ခွဲဝင် ဖြစ်ဖို့ရာ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရမယ့်သူ ဖြစ်ရပါမယ်။ အများပြည်သူ ယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေလည်း ဖြစ်ရမယ်ဆိုပြီးတော့ အပိုဒ် (၆)မှာ အရည်အချင်းများကို သတ်မှတ်ထားပါတယ်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌ တာဝန်ပေးတဲ့နေရာမှာ လက်ရှိဝန်ထမ်းတစ်ဦးမှ မပါဝင် ဘဲနဲ့ အများပြည်သူ ယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးအပ်ထားတဲ့အတွက် ကြောင့် ဝန်ထမ်းဦးရေနဲ့ အငြိမ်းစားဦးရေလို့ ခွဲခြားဖော်ပြရန် မလိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

(၃)မေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ဒေသခံများကို ဦးစားပေးခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ဖြေရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အမှတ် ၂/၂၀၁၄ စာပိုဒ် (င)မှာ သက်ဆိုင်ရာဒေသမှာ အမြဲတမ်းနေထိုင်ပြီးတော့မှ ဒေသခံပြည်သူများက ယုံကြည် လေးစားသူများ ဖြစ်ရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့ အတွက်ကြောင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ တာဝန်သာမကဘဲနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ဥက္ကဋ္ဌတာဝန်များ ပေးအပ်တဲ့ နေရာမှာ ဒေသခံ အများယုံကြည်လေးစားခြင်း ခံရတဲ့ ပုဂ္ဂိုလ်များကိုသာ ခန့်အပ်တာဝန်ပေးခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၄)နဲ့ ပတ်သက်၍ ကြိုတင်ဆန္ဒမဲ ပေးတဲ့ နေရာမှာ ကိုယ်စားပေးခြင်း ပြုနိုင်/မပြုနိုင်နဲ့ ပတ်သက်၍ ဖြေကြားရမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉(ဆ)မှာ ရွေးကောက်ပွဲများမှာ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ ဆန္ဒမဲပေးပြီးသူများမှအပ ကျန်တဲ့ ဆန္ဒမဲပေးသူများဟာ မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမယ်၊ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ကြိုတင်ဆန္ဒမဲပေးရာမှာလည်းပဲ ကြိုတင်မဲစာအိတ်ကို ယုံကြည်သူမိသားစုဝင် တစ်ဦးဦးက မဲပေးသည့်နေ့မှာ တာဝန်ရှိသူအဖွဲ့အစည်းရုံးသို့ ကိုယ်စားပေးအပ်ခွင့်ပြုရန် အစီအစဉ် မရှိပါဘူး။ ဤဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်တိုင်သာ ဆန္ဒပေးရမယ်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

ဆက်လက်ပြီးတော့ သန့်ရှင်းတဲ့ ကြိုတင်မဲစနစ် ကျင့်သုံးရန်မေးမြန်းထားတဲ့ မေးခွန်း(၅)နဲ့ ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅၅ မှာ ပြင်ပမှာရှိတဲ့ မဲဆန္ဒနယ်ရှိတယ်။ ပြည်တွင်းမှာရှိတဲ့ မဲဆန္ဒရှင်တွေ၊ နောက် အစိုးရခွင့်ပြုချက်နဲ့ နိုင်ငံပြင်ပကို ရောက်ရှိနေတဲ့လူတွေ ရွေးကောက်ပွဲမှာ မိမိတို့ရဲ့ မဲဆန္ဒပေးပိုင်ခွင့်ကို အပြည့်အဝ ကျင့်သုံးနိုင် စေရန်ဆိုပြီးတော့ ကြိုတင်မဲပေးနိုင်ဖို့ ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နည်းဥပဒေ ၅၆ မှ ၆၄ အထိ မဲဆန္ဒရှင်များက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ကော်မရှင်အဖွဲ့ခွဲများ၊ ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်တဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်နာဆောင်ရွက်ရန်ရှိတဲ့ နည်းလမ်းများကိုလည်းပဲ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။

ထို့နည်းတူပဲ နည်းဥပဒေ ၅၁(က)မှာ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မိမိနှင့်သက်ဆိုင်တဲ့ မဲဆန္ဒနယ်ရဲ့ ပြင်ပကို ခရီးသွားလာရန်ရှိသူတစ်ဦးကလည်းပဲ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံကို ကြိုတင်ပြီးတော့မှ ဆန္ဒမဲပေးနိုင်ပါတယ်။ အဲဒီလို မဲဆန္ဒနယ်ရဲ့ ပြင်ပသို့ ခရီးသွားရန်ရှိကြောင်း ခိုင်လုံတဲ့ အထောက်အထား တင်ပြနိုင်မယ်ဆိုရင်လည်းပဲ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုပါတယ်။

ဒါ့အပြင် ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲဆန္ဒနယ်အတွင်းရှိသော်လည်းပဲ မဲရုံသို့ ကိုယ်တိုင် လာရောက် ဆန္ဒမဲမပေးနိုင်တဲ့ အသက်အရွယ်ကြီးရင့်တဲ့သူတွေ၊ အနာကြီးရောဂါစွဲကပ်နေသူတွေ၊ နေအိမ်မှာ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရတဲ့လူတွေ၊ နေအိမ်မှာ မီးဖွားနေတဲ့လူတွေ၊ မသန်စွမ်းသူတွေ၊ နောက် အကျဉ်းစခန်းများမှာ အချုပ်ခံနေရတဲ့လူတွေ၊ ဆေးရုံမှာ တက်ရောက်ပြီးတော့မှ အတွင်းလူနာအဖြစ်နဲ့ ကုသနေရတဲ့ လူတွေအတွက်လည်းပဲ ကြိုတင်မဲပေးနိုင်မယ့် နည်းလမ်းများကို နည်းဥပဒေ ၅၁(ခ)မှာ ပြည့်စုံစွာ ဖော်ပြထားတဲ့အတွက်ကြောင့် ဒီသတ်မှတ်ချက်များအတိုင်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်သွားမယ်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲစာရင်းမှာပါရှိရာဒေသမှ ကျော်လွန်ပြီးတော့မှ သွားရောက် တာဝန်ထမ်းဆောင်နေရတဲ့ တပ်မတော်သားတွေ ဒါမှမဟုတ် ရဲတပ်ဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲပေးလိုပါကလည်းပဲ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ ဆန္ဒမဲပေးနိုင်ရန် နည်းဥပဒေ ၅၁(ဂ)နဲ့ (ဆ)ထိ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီ နည်းဥပဒေများမှာ ကြိုတင်မဲပေးမည့်သူရဲ့ စာရင်းကို ကပ်ထားကြေညာခြင်းပြုပါတယ်။ နောက် ကြိုတင်မဲပေးထားတဲ့ စာအိတ်များ မှတ်ပုံတင်ခြင်းနဲ့ ချိပ်ပိတ်ထားတဲ့ မဲပုံးများအတွင်းမှာ ဒီကြိုတင်လက်မှတ်တွေကို သိမ်းဆည်းထားပါတယ်။ ဒီလို သိမ်းဆည်းထားတဲ့ကာလအတွင်းမှာပဲ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်နဲ့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို လိုက်ပါကြည့်ရှုခွင့်ပြုပါတယ်။ သတ်မှတ်ကာလအတွင်း အများပြည်သူ ရှေ့မှောက်မှာ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ခြင်းပြုပါတယ်။ ဒါကြောင့် ပွင့်လင်းမြင်သာတဲ့ ကြိုတင်မဲပေးတဲ့စနစ်ကို ကျင့်သုံးနိုင်ရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများမှာ ပြည့်ပြည့်စုံစုံ ထည့်သွင်း ပြဋ္ဌာန်းထားပေးထားပါတယ်။ ဒါ့အပြင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများ သို့လည်းပဲ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပို့ချတဲ့အခါမှာ ကြိုတင်မဲပေးခြင်းစနစ်ကို ထည့်သွင်း ပညာပေးများ ပြုလုပ်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ပဲ ဒီလိုပဲ ပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ မေးခွန်း(၆)နဲ့ စပ်လျဉ်းပြီး အကျဉ်းမျှ ဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ၂၀၁၅ ခုနှစ်မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကို ရည်မှန်းချက်(၁၂)ရပ်ထားရှိပြီးတော့မှ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၅)နှစ် စီမံချက်ဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း ပထမအဆင့်ကို လည်း ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိလည်းကောင်း၊ ဒုတိယအဆင့်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိလည်းကောင်း၊ တတိယအဆင့်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိလည်းကောင်း၊ စတုတ္ထအဆင့်ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ လည်းကောင်း ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့မှ ကွန်ပျူတာစနစ်နဲ့ စာရင်းရေးသွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအပြီး ဆောင်ရွက်ရန် လျာထားထားရှိပါကြောင်း တင်ပြလိုပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာပြောင်းလဲလာတဲ့ အချိန်ကာလနဲ့အညီ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများမှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လိုအပ်ချက်များကို ဆောင်ရွက်ခဲ့ပြီးတော့မှ ဒီနည်းဥပဒေများကို ၁၀-၉-၂၀၁၄ ရက်နေ့မှာလည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ နည်းဥပဒေ ပြဋ္ဌာန်းပြီးတော့မှ ၁၄-၁၁-၂၀၁၄ ရက်နေ့တွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရုံးများသို့ ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။

ထို့သို့ ပြင်ဆင်ထားသည့် နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနဲ့ ခရိုင်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်များကိုလည်းပဲ ပြင်ဆင်ရေးသားပြီးတော့ ပုံနှိပ်ထားဆဲဖြစ်ပါတယ်။ မကြာမီ ပြီးစီးမှာဖြစ်တဲ့အတွက်ကြောင့် ပုံနှိပ်ပြီးစီး သွားရင်လည်းပဲ ဖြန့်ဝေဖို့ စီစဉ်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒါ့အပြင် ရွေးကောက်ပွဲမှာ ပါဝင်ပတ်သက်သူအားလုံးကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း စဉ်များနဲ့စပ်လျဉ်းတဲ့ ပညာပေးရေးတို့အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့လည်းကောင်း၊ နိုင်ငံရေး ပါတီများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများနဲ့လည်းကောင်း အကြိမ်ကြိမ်တွေ့ဆုံ၍ ဆွေးနွေးပွဲများနဲ့ အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါတယ်။ ပြုလုပ်ဆဲလည်းဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေများက ပေးအပ်ထားတဲ့ အဓိက တာဝန်ကြီးသုံးရပ်ဖြစ်တဲ့ လွတ်လပ်၍ တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေနဲ့အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနဲ့ ကြီးကြပ်စေခြင်းတို့ပြုလုပ်ရန်၊ ရွေးကောက်တင်မြှောက်ခံရခြင်းနဲ့ စပ်လျဉ်း၍ ကန့်ကွက်မှုများကို အဆုံးအဖြတ်ပေးရန်စသည့် လုပ်ငန်းတာဝန်များကို နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် မှန်ကန်မျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနဲ့အညီ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လွတ်လပ်၍ တရားမျှတပြီး အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနဲ့ ပူးပေါင်းဆောင်ရွက် သွားမည့်အပြင် ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများကိုပါ ဖိတ်ခေါ်ပြသပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်းနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ရဲ့ ဖြေကြားချက်ကို အမျိုးသားလွှတ်တော် နည်းဥပဒေ ၁၂၂ အရ အများပြည်သူသိရှိနိုင်ရန် မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။

**ထားဝယ်မြို့၊ ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက် လုပ်ကိုင်မည့် အခြေအနေများကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက် က ထားဝယ်မြို့၊ ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက် လုပ်ကိုင်မည့် အခြေအနေများကို သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့်ထားဝယ်မြို့၊ ရေနက်ဆိပ်ကမ်းနဲ့ပတ်သက်တဲ့ ဆက်လက်လုပ်ကိုင်မည့် အခြေအနေများကို သိချင်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းက ကျွန်တော်တို့ ထားဝယ်မြို့ကနေပြီးတော့မှ လောင်းလုံမြို့နယ်ဖြတ်မယ်၊ ပြီးရင် မောင်းမကန် အဲဒီကနေမှတစ်ဆင့် ကီလိုမီတာအားဖြင့် (၄၀)လောက်ဝေးပါတယ်။ ဒါ (၁)လမ်း သွားလို့ရပါတယ်။ ရေဖြူမြို့နယ်ထဲမှာ ရှိပါတယ်။

နောက်တစ်လမ်းကတော့ ထားဝယ် - ရန်ကုန် ပြည်ထောင်စုလမ်းမကြီးအတိုင်း ရေဖြူမြို့ကို သွားပြီးတော့ ရေဖြူမြို့ကနေမှတစ်ဆင့် ကျွန်တော်တို့ သွားတဲ့လမ်းဖြစ်ပါတယ်။ အဲဒါကတော့ ကီလိုမီတာ(၅၀)ကျော် ပတ်ဝန်းကျင်လောက်ရှိပါတယ်။ ရေနက်ဆိပ်ကမ်း တည်နေရာက အတိအကျ အားဖြင့်တော့ ရေဖြူမြို့နယ်၊ နဘူးလယ်ဒေသမှာရှိပါတယ်။ သို့သော် ကျွန်တော်တို့ ခေါ်တဲ့အခါ မှာတော့ ထားဝယ်ရေနက်ဆိပ်ကမ်းအနေနဲ့ပဲ ခေါ်ဝေါ်သုံးစွဲကြတာဖြစ်ပါတယ်။ ဒီရေနက်ဆိပ်ကမ်းဟာ ကျွန်တော်သိသလောက် ၂၀၀၈ ခုနှစ်မှာ ထိုင်းနိုင်ငံက အီတာလျံ-ထိုင်း ကုမ္ပဏီနဲ့ မြန်မာနဲ့ စပြီးတော့ လုပ်ခဲ့တဲ့ ရေနက်ဆိပ်ကမ်း ဖြစ်ပါတယ်။

အခု လက်ရှိအားဖြင့်တော့ ၂၀၁၃ ခုနှစ်လောက်မှာ ကျွန်တော်တို့ ဒီလုပ်ငန်းက ရပ်ဆိုင်းနေ ပါတယ်။ သို့သော်လည်းပဲ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးညှိနှိုင်းနေတဲ့ အနေအထားလေးတွေတော့ ကျွန်တော်တို့တွေ့ရပါတယ်။ ဒါ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးညှိနှိုင်းသလို ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့ ထိသွားပြီးတော့မှ ရေနက်ဆိပ်ကမ်းနဲ့ပတ်သက်လို့ ဆက်လက်လုပ်ဆောင်မယ့် အနေအထားလေးတွေ တိုင်ပင်ညှိနှိုင်းခဲ့တာလည်း ကျွန်တော်တို့ ကြားရပါတယ်။ ဒီလိုသိရတဲ့ ကြားရတဲ့အတွက်လည်း ဒီအနေအထားတွေဟာ၊ ဒီအခြေအနေတွေဟာ ဘယ်လိုရှိလည်းဆိုတာကို ကျွန်တော်တို့ သိချင်လို့ ဒေသခံများ ကိုယ်စား မေးခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသ ထားဝယ်ဒေသ ပုဂ္ဂိုလ်များတော်တော်များများက ဒီ ရေနက်ဆိပ်ကမ်းနဲ့ ပတ်သက်လို့ တော်တော်လေးစိတ်ဝင်စားကြပါတယ်။ နိုင်ငံတော်မှာလည်းပဲ တော်တော်စိတ်ဝင်စား

ကြတဲ့ လူတွေရှိပါတယ်။ ကျွန်တော်တို့ ဒီရေနက်ဆိပ်ကမ်းကြီးများ ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ ထားဝယ်ဒေသ ဘယ်လောက်ဖွံ့ဖြိုးတိုးတက်လာမလဲဆိုတာ မခန့်မှန်းနိုင်ပါဘူး။ လက်ရှိအားဖြင့်တော့ ဒီရေနက်ဆိပ်ကမ်းရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ ကျွန်တော်တို့ ထိုင်းနိုင်ငံ ကန်ချနဘူရီကနေပြီးတော့မှ ရေနက်ဆိပ်ကမ်းကို ဖောက်ထားတဲ့လမ်းကြီးဟာ နာရီအားဖြင့် တော်တော်လေးကို အကျိုးကျေးဇူး ရှိပါတယ်။

တစ်ဖက်နိုင်ငံထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ သွားရောက်အလုပ် လုပ်ကိုင်နေတဲ့အနေအထားမှာ တစ်ချိန်တုန်းက ဘန်ကောက်ကနေပြီးတော့မှာ မဟာချိုင်ကနေပြီးတော့မှ ကျွန်တော်တို့က အောက်ဖက် ရနောင်းထိဆင်းရပါတယ်။ ဒါ အဲဒီအလုပ်သမားတွေ မြန်မာနိုင်ငံထဲကို ပြန်လာမယ်ဆိုရင် တစ်ခါ ရနောင်းကနေ ကော့သောင်းကို ကူးရပါမယ်။ ကော့သောင်းရောက်တဲ့အခါကျတော့လည်း ကော့သောင်းကနေမှ အမြန်ယာဉ်စီးပြီးတော့မှ ထားဝယ်ကိုလာရပါတယ်။ ကနေ့အဲဒီလို မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ ထားဝယ်ကနေပြီးတော့မှ ထီးထီးဂိတ်ရှိပါတယ်။ နယ်စပ်စခန်း၊ ကားမောင်းမယ်ဆိုလို့ရှိရင် ဒါ ကျွန်တော်တို့ (၄)နာရီလောက်သွားရပါတယ်။ ဒီထီးထီးဂိတ်ကနေပြီးတော့မှ၊ နယ်စပ်စခန်းကနေပြီးတော့မှ ကျွန်တော်တို့ ဘန်ကောက်တို့၊ မဟာချိုင်တို့ကို သွားမယ်ဆိုရင် ကားမောင်းချိန်အမြန်နှုန်းက အများဆုံးမှ (၂)နာရီခွဲပဲရှိပါတယ်။ ကျွန်တော်တို့က (၆)နာရီခွဲ (၇)နာရီလောက်နဲ့ ကျွန်တော်တို့ထားဝယ်ဒေသနဲ့ ထိုင်းနိုင်ငံ ဘန်ကောက်၊ မဟာချိုင် ဒီဒေသတွေကို ခဏလေးနဲ့ရောက်သွားနိုင်တဲ့ အနေအထားပါ။ တစ်ချိန်တုန်းကတော့ (၂)ညအိပ်၊ (၃)ညအိပ်လောက်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ ပြန်လာရတဲ့ အခက်အခဲ ရှိပါတယ်။

ဒါကြောင့်မို့လို့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ဒီလမ်းတောင်မှ ကျွန်တော်တို့ တော်တော်လေးအကျိုးကျေးဇူးရှိနေလို့ရှိရင် ရေနက်ဆိပ်ကမ်းများပြီးသွားမယ်ဆိုရင် ကျွန်တော်တို့ဒေသ ဘယ်လောက်ကောင်းလာမလဲဆိုတာ ကျွန်တော်တို့ စဥ်းစားလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒီ စီမံကိန်းကြီးဟာ ဘယ်အချိန်လောက်မှာများဖြစ်နိုင်မလဲ၊ ဖြစ်လာမယ်ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ အကြံပြုတင်ပြချင်တာလေးက အရင် အီတာလျံ-ထိုင်းကုမ္ပဏီနဲ့ လုပ်ခဲ့တုန်းက ကျွန်တော်တို့ အားနည်းချက်လေးတွေ နည်းနည်းရှိပါတယ်။ ဘယ်ကုမ္ပဏီနဲ့ပဲဖြစ်ဖြစ် လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့တင်ပြတဲ့ အနေအထားလေးတွေကိုရော ထည့်သွင်းပြီးတော့မှ စဥ်းစားထားတဲ့ အနေအထား ရှိ/မရှိ သိချင်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ တစ်ချိန်တုန်းကအီတာလျံ-ထိုင်းကုမ္ပဏီနဲ့လုပ်ခဲ့တဲ့အနေအထားမှာ နိုင်ငံတော်က တာဝန်ပေးထားတဲ့ ဆက်ဆံရေးအဖွဲ့တွေရှိပါတယ်။ ဒီအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်လေးတွေက ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေအတွက် တော်တော်လေး ဒုက္ခရောက်ခဲ့တာရှိသလို၊ ဒေသခံတိုင်းရင်းသားတွေ မှားယွင်းလုပ်ခဲ့မိတာတွေကိုလည်းပဲ တစ်ဖက်နိုင်ငံသားတွေရှေ့မှာ ကျွန်တော်တို့က ပြင်ဆင်တည့်မတ်ပေးနိုင်တဲ့ အနေအထားမရှိတဲ့အတွက် ကျွန်တော်တို့ဒေသရဲ့ အားနည်းချက်လေးတွေ ရှိခဲ့တာတွေ့ရပါတယ်။ ဆိုလိုတာကတော့ တချို့ တိုင်းရင်းသားတွေက၊ ဒေသခံသားတွေက လျော်ကြေးတွေတော်တော်လိုချင်ပါတယ်။ လျော်ကြေး လိုချင်တဲ့အတွက် မဖြစ်နိုင်တဲ့ နည်းလမ်းလေးတွေနဲ့ လုပ်ကြတာလေးတွေရှိပါတယ်။ ဒီမှာ ဆက်ဆံရေးအဖွဲ့က တာဝန်ရှိတဲ့ပုဂ္ဂိုလ်များကလည်းပဲ ဒေသခံတိုင်းရင်းသားတွေကို မှန်ကန်တဲ့ လမ်းကြောင်းဖက်က ကူညီမယ့်အစား သူတို့ကိုယ်ဥ္စပင်လျှောင် တခြားနည်းလမ်းများနဲ့ သူတို့ကိုယ်ကျိုးအတွက် ဖန်တီးသွားတာလေးတွေရှိတဲ့အတွက် ကျွန်တော်တို့ ပြောစရာလေးတွေရှိခဲ့ ပါတယ်။

ထို့အတူပဲ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပတ်သက်လို့လည်းပဲ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့မှ အထိုက်အလျောက် လုပ်ပိုင်ခွင့်လေးတွေ ကျွန်တော်တို့ ပေးစေချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ အတွေ့အကြုံအရ အဲဒီမှာ ဝင်လုပ်ခဲ့တဲ့ ကုမ္ပဏီတော်တော်များများနဲ့ ဖြစ်ခဲ့တဲ့ဒေသခံတိုင်းရင်းသားတို့ရဲ့ ပြဿနာက၊ ဒေသက၊တိုင်းဒေသကြီး အစိုးရအဖွဲ့က ထဲထဲဝင်ဝင်လုပ်ပေးနိုင်မယ့် ကူညီပေးနိုင်မယ့်အနေအထားမရှိပါဘူး။ ဒါလည်း သူတို့မှာ လုပ်ပိုင်ခွင့်မပေးထားလို့ဖြစ်ပါတယ်။

အဲဒီတော့ ဒီတစ်ဖက်နိုင်ငံကုမ္ပဏီကလည်း ဘယ်လောက်ထိ ဒုက္ခပေးသလဲဆိုရင် တစ်ဖက် နိုင်ငံထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေသွားပြီး ကနေ့အချိန်ထိလည်း အလုပ် လုပ်ကြတုန်းပါ။ တစ်ဖက်နိုင်ငံထဲမှာ အလုပ်လုပ်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ၊ ကျွန်တော်တို့ နိုင်ငံသားတွေ ဒုက္ခပေးခံရတယ်၊ ဖိနှိပ်ခံရတယ်၊ စော်ကားခံရတယ်။ ဒီလိုပဲ ကျွန်တော်တို့ နိုင်ငံထဲကို သူတို့နိုင်ငံက ကုမ္ပဏီလာအလုပ် လုပ်တဲ့အခါကျတော့လည်း ကျွန်တော်တို့နိုင်ငံက ကုမ္ပဏီတွေက ခါးစီးခံရတယ် အများကြီးရှိပါတယ်။ ဒီ တော်တော်လေး ညစ်ပါတယ်။ ကျွန်တော်တို့ တစ်တွေ အကူအညီတောင်းတဲ့အခါ ကျတော့လည်း တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ဆိုင်သလိုလို၊ မဆိုင်သလိုလို လုပ်ခဲ့တဲ့အခါကျတော့ ကျွန်တော် ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကြယ်ပွင့်မပြ မေးခွန်းတွေ အများကြီး ကျွန်တော် မေးခဲ့ပါတယ်။

သို့သော် မရေရာတဲ့အဖြေတွေနဲ့ပဲ ကျွန်တော်တို့ နှစ်သိမ့်ခံခဲ့ရတဲ့ အနေအထားမျိုးတွေ ဖြစ်ခဲ့တဲ့အတွက် နောက် ဒီလမ်းကြီး ဒီကုမ္ပဏီများသာ ဆက်လုပ်မယ်ဆိုလို့ရှိရင် ဒီလိုအခြေအနေမျိုး ကနေ ကျွန်တော်တို့ ကင်းလွတ်အောင် တာဝန်ပေးသင့်တဲ့ လုပ်ပိုင်ခွင့် ပေးသင့်ပေးထိုက်တဲ့ အနေအထား လေးတွေကို ဖန်းတီးပေးပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ နောက်တစ်ခု ကလည်းပဲ၊ ဒီလမ်းကြောင်းဟာ ဒီ ရေနက်ဆိပ်ကမ်းသည် ခုန ကျွန်တော် တင်ပြခဲ့သလိုပဲ တစ်ဖက်နိုင်ငံ ကန်ချနဘူရီ ကနေပြီးတော့မှ ဒါ ကားလမ်းဖောက်ပြီးတော့ စတင်လုပ်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီကားလမ်းနဲ့ ပတ်သက်လို့ အကြမ်းဖျင်းတင်ပြရရင် ဒါ ခုမှကျွန်တော်တို့ ဖောက်တဲ့ ကားလမ်း မဟုတ်ပါဘူး။ ကျွန်တော် စာထဲမှာ တင်ပြထားတာကတော့ ဒီ အီတာလျံ- ထိုင်းနဲ့ ဖောက်တဲ့ကားလမ်းဟာ ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်မှာ ကျွန်တော်တို့ စတယ်လို့ ကျွန်တော်တင်ပြထားပါတယ်။

သို့သော် အမှန်တကယ်က ၂၀၀၁ ခုနှစ်ကတည်းက ကျွန်တော်တို့ ဒီကားလမ်းကြီးက စဖောက်ခဲ့တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ ထိုင်းနိုင်ငံက ကုမ္ပဏီတစ်ခု၊ ဒါ နှစ်ခု ပေါင်းပြီးတော့မှ ကျွန်တော်တို့ ဖောက်ခဲ့ပါတယ်။ ဒီ ထီးထီးဂိတ်ကနေပြီးတော့မှ ဆင်ဖြူဒိုင် လို့ခေါ်တဲ့ ရွာအနေအထားထိ ရွာအထိ ကျွန်တော်တို့ ကီလိုမီတာ(၄၀)ခန့်ဖောက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်က ဖောက်တာဖြစ်ပါတယ်။ အဲဒီဖောက်ပြီးတာနဲ့ ကျွန်တော် ဖွင့်ပွဲလုပ်တဲ့နေ့မှာပဲ ထီးထီးစခန်းမှာပဲ ကျွန်တော်တို့ ပစ်ခတ်မှုတွေဖြစ်ပြီးတော့မှ ဒီပွဲပျက်သွားပါတယ်။ ဒီဇာတ်လမ်းလည်း ရပ်သွားပါတယ်။ ဒါ ၂၀၀၈-၂၀၀၉ မှာမှ ဒီလမ်းကိုပြန်ဖောက်ပြီးတော့ ရေနက်ဆိပ်ကမ်းကို ကျွန်တော်တို့ ပြန်လည်စတင်ခဲ့တာ ဖြစ်ပါတယ်။

ဆိုလိုတာကတော့ ဒီစီမံကိန်းသည်၊ ဒီလုပ်ငန်းသည်၊ ဒီလမ်းသည် ကျွန်တော်တို့ ငြိမ်းချမ်းရေး ယူထားတဲ့ အဖွဲ့အစည်းများ ဧရိယာထဲမှာရှိနေပါတယ်။ အဲဒီအတွက် အရမ်းလည်းပဲ ကျွန်တော်တို့ အန္တရာယ်များပါတယ်။ ၂၀၀၁ ခုနှစ် စဖောက်စဉ်ကတည်းကလည်းပဲ ဒီလမ်းမှာ ဒီလိုပြဿနာတွေ

အများကြီးရှိခဲ့ပါတယ်။ အခုလည်းပဲ ဒီပြဿနာဟာ မအေးချမ်းသေးဘူးလို့တော့ ကျွန်တော်တို့ အကြမ်းဖျင်းသိရပါတယ်။ ဒီ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ အီတာလျံ-ထိုင်းကုမ္ပဏီတွေနဲ့ ဆက်စပ်တဲ့ ပြဿနာတွေ ဒါတွေဟာ တော်တော်လေး နက်နဲတဲ့အနေအထား၊ ရှုပ်ထွေးတဲ့ အနေအထားလေးတွေ ရှိတဲ့အတွက် ဒါလေးတွေလည်း ကျွန်တော်တို့ဘယ်လိုဖြေရှင်းပြီးတော့ ဒီရေနက်ဆိပ်ကမ်းလုပ်ငန်းကြီးကို ဆက်လက်လုပ်ဆောင် သွားမလဲဆိုတာလည်း ကျွန်တော် သိချင်ပါတယ်။

အခု ကျွန်တော် တင်ပြထားတဲ့ နဘူးလယ် ဒေသကနေပြီးတော့ ထီးထီးထိ ကျွန်တော်တို့ ဖောက်ထားတဲ့ လမ်းကြောင်းကြီးဖြစ်ပါတယ်။ ဒါ ရေနက်ဆိပ်ကမ်းမှာပါမယ့် ပုံကားချပ်များပဲ ဖြစ်ပါတယ်။ နည်းနည်းလေး မြန်မြန်လေးပြပေးပါ။ ဒါ ကျွန်တော်တို့ ပြောင်းရွှေ့ရမယ့် ရွာတွေအတွက်ရော အဲဒီမှာ လာမယ့် ကုမ္ပဏီတွေအတွက် ဝန်ထမ်းအိမ်ရာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ ဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ ဒါ အီတာလျံ-ထိုင်းက ဖောက်ထားတဲ့လမ်းဖြစ်ပါတယ်။ ဒါကခဏလေးပါ။ အခုနကပြောတဲ့ အထဲမှာ တင်ပြတဲ့အထဲမှာပါသွားပါတယ်။ မေ့ကျန်ခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ အားနည်းချက်တွေလည်းရှိပါတယ်။ ဒါ ကျွန်တော်လမ်းပခုံးတွေပေါ်မှာ ကွမ်းသီးပင်တွေစိုက်ထားတာကို ကျွန်တော်ပြထားတာပါ၊ နောက် ဒါလေးတွေ ကွမ်းသီးပင်စိုက်ထားတာပါ။ တကယ်တော့ ဖောက်ပြီးသား လမ်းလေးကမြေဇာပုံပေါ်မှာ လျော်ကြေးလိုချင်တဲ့အတွက်ကွမ်းသီးပင်လာစိုက်တာပါ။ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ တစ်ဖက်က အားနည်းချက်တွေရှိပါတယ်။ ဒေသခံတွေရဲ့ အားနည်းချက်ပါ။ ဒါတွေဟာ လျော်ကြေးလိုချင်လို့ စိုက်ထားတာဖြစ်ပါတယ်။ ဒါကိုကန့်ကွက်တဲ့ အနေအထားဖြစ်ပါတယ်။

အခု ကျွန်တော်ပြတဲ့ဟာက အရင်တစ်ခါ တင်ပြသွားခဲ့တဲ့ INGO အဖွဲ့တစ်ဖွဲ့ကနေပြီးတော့ ဗီဒီယိုမှတ်တမ်းတင်ပြီးတော့ ရိုက်ထားတာဖြစ်ပါတယ်။ သို့သော်လည်း ဒီမှာ ပြလို့ရှိရင်တော့ (၈)မိနစ် လောက် အချိန်ကုန်မှာ ဖြစ်တဲ့အတွက် အဲဒီအထဲကနေပြီးတော့မှ လိုအပ်တာလေးတွေ တည်းဖြတ်ပြီး တော့မှ ရိုက်ပေးထားတာ ဖြစ်ပါတယ်။ မှတ်တမ်းတင်ပေးထားတာဖြစ်ပါတယ်။ ဒါ ဒေသခံတွေကို NGO ကုမ္ပဏီတွေကနေပြီးတော့မှ တင်စားပေးပြီးတော့မှ ဗွီဒီယိုထဲမှာ ရိုက်ထားတဲ့ ပုံလေးတွေဖြစ် ပါတယ်။ သူတို့ပြောထားတဲ့ စာသားလေးတွေကို ထည့်ပေးတာပါ။ သူတို့ အင်္ဂလိပ်လို ရိုက်ပါတယ်။ မြန်မာလို ရိုက်ပါတယ်။ မြန်မာထဲက ခွေထဲက ထည့်ပေးတာပါ။ ဒေသခံရဲ့ အရင်တုန်းက လမ်းတွေဖြစ်ပါတယ်။ ဒါ သူတို့ အီတာလျံထိုင်းဝင်လာတဲ့အခါမှာ ဒါ ဝင်လာတဲ့ ယန္တရားတွေ ဖြစ်ပါတယ်။ ဒါ ဒေသခံတွေရဲ့ ရင်တွင်း ခံစားချက် စကားတွေလား၊ INGO ကသင်ပေးတာလား မပြောတတ်ပါဘူး။ ဒီအတိုင်းပဲ ပါ ပါတယ်။ ထိုင်းကုမ္ပဏီ ကလုပ်နေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါလည်း ခုနအတိုင်းပါပဲ၊ ဒါ တစ်ဖက်နိုင်ငံ Refugee Camp က ဒုက္ခသည်စခန်းရဲ့ အနေအထားလေးဖြစ်ပါတယ်။ ဒါ ဒုက္ခသည်စခန်းမှာရှိတဲ့ မိသားစုတွေရဲ့ နေရထိုင်ရတဲ့ အဆင့်အတန်းလေးဖြစ်ပါတယ်။ ဒါကတော့ အဲဒီဒေသရဲ့ ဒုက္ခသည် စခန်းကထွက်လာတဲ့ ကနေ့တော့ ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့ အဖွဲ့တွေရဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ခုနက INGO အဖွဲ့ကနေပြီးတော့မှ ရိုက်ထားတဲ့ အခွေမှာပါတဲ့ စာသားလေးတွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်မေးချင်တာကတော့ ဒီလမ်းနဲ့ ပတ်သက်လို့ ကျွန်တော် တင်ပြ သွားပြီးပါပြီ။ ဒီအနေအထားမှာ ဒါကတော့ကျွန်တော်တို့ ရေနက်ဆိပ်ကမ်းကြီးကို မျှော်မှန်းပြီးတော့မှ ကျွန်တော်တို့ ထားဝယ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကိုယ်ပိုင်ဆောက်ထားတဲ့ ဟိုတယ်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များတည်းခိုနိုင်တဲ့ အနေအထားထိကို ကျွန်တော်တို့ ဆောက်ထား

တာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသက တော်တော်လေးစိတ်ဝင်စားပါတယ်။ ဒီ ရေနက်ဆိပ်ကမ်းနဲ့ ပတ်သက်လို့ ဖြစ်လာနိုင်တဲ့ အနေအထားတွေကို မျှော်မှန်းပြီးတော့မှ ဒါ ကျွန်တော်တို့ ဆောင်ရွက်ထားတာ ဖြစ်တဲ့အတွက် မေးခွန်းလေးတွေ နည်းနည်းမေးချင်ပါတယ်။

ပထမတစ်ခုကတော့ ဂျပန်နိုင်ငံမှာ သွားတုန်းက အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်ပါမယ်၊ သတင်းစာမှာ လာမယ့် မတ်လမှာဆိုလို့ရှိရင် Air First နဲ့ပတ်သက်လို့ အပြီးလုပ်မယ်ဆိုတဲ့ အနေအထားလေးရှင်းပြသွားတာ သတင်းစာမှာ ကြေညာသွားတာ ကြားလိုက်ရပါတယ်။ ဒါက တကယ်ကော ကျွန်တော်တို့ လုပ်နိုင်ပါပြီလား၊ နောက်တစ်ခုတော့ တကယ်လို့များ အခု ဒီလုပ်ငန်းကြီး ဆက်လုပ်မယ်ဆိုလို့ရှိရင်၊ ရေနက်ဆိပ်ကမ်းလုပ်ငန်းကြီး ဆက်လုပ်မယ်ဆိုလို့ရှိရင် အီတာလျံ-ထိုင်း ကုမ္ပဏီပဲလုပ်မှာလား၊ သို့မဟုတ် အခြားဘယ်နိုင်ငံက ကုမ္ပဏီတွေလာနိုင်သလဲ၊ တကယ်လို့ တခြားနိုင်ငံက ကုမ္ပဏီတွေလာခဲ့မယ်ဆိုလို့ရှိရင် ဒီနေ့ အီတာလျံထိုင်းလုပ်သွားတဲ့ အနေအထားမှာ လျော်ရမယ့် မြေလျော်ကြေးပြဿနာလေးတွေရှိပါတယ်။ ဘယ်ကများဆက်ပြီးတော့ လုပ်ပါမလဲ။

နောက်ဆုံးတစ်ခုကတော့ ဒါ ရေနက်ဆိပ်ကမ်းနဲ့ပတ်သက်ပြီး ဘယ်လိုများဆောင်ရွက်သွားမလဲဆိုတဲ့ မေးခွန်းကို မေးထားတဲ့နေရာမှာ နောက်ဆုံးမေးခွန်းလေးကို ဖြစ်နိုင်လို့ရှိရင် ဘယ်လိုဆက်လုပ်သွားမယ်ဆိုတာထက် ဒီလုပ်ငန်းကြီးဟာတကယ့်ကို ခိုင်ခိုင်မာမာနဲ့ ဖြစ်ဖို့များပါတယ် သို့မဟုတ် မဖြစ်နိုင်ပါဘူးဆိုတဲ့ အနေအထားလေးကို ကျွန်တော် သိလိုတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေတ္တာရပ်ခံ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


ထားဝယ်အထူးစီးပွားရေးဇုန် တည်နေရာပြ မြေပုံ (ဏ)



နဘူးလယ်ဒေသမှ ထီးထီး အထိဖောက်လုပ်ထားသော လမ်းကြောင်းများပုံ(ဏ-၁)



ဝန်ထမ်းအိမ်ရာများ ပုံ (ဏ-၂)



**အချိန်၊ ၁၀း၅၇။**

**ဥက္ကဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၇။**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဟံစိန် ဖြစ်ပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသက် ရဲ့ ကျွန်တော် အခု အမျှားကြီးလည်း ပြည့်ပြည့်စုံစုံ တင်ပြသွားပါတယ်။ အခုကျွန်တော် ဒီမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဖြေကြားတဲ့အခါမှာ Power Point အသုံးပြုခွင့်ပြုပါရန်နဲ့ အချိန်(၂၅)မိနစ်ခန့်ခွင့်ပြုပေးပါရန် ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် နေမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့တုန်းက ကျွန်တော် ပြည်သူ့လွှတ်တော်မှာ တစ်ကြိမ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး တော့ ပြီးခဲ့တဲ့နှစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ကလည်း မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာ တို့မှာ အာဆီယံကုန်သွယ်ရေး၏ တံခါးပေါက်ဖြစ်လာမည့် ထားဝယ်စီးပွားရေးဇုန် ခေါင်းစဉ်နဲ့ ဆောင်းပါးလည်း ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မှု ဒီ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့အထိ တင်ပြခဲ့တာလေးတွေကို ပြန်လည်ပြီးတော့ အကျဉ်းချုပ်ကလေး ကျွန်တော်တင်ပြပေး ပါမယ်။

ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရဲ့အနောက်မြောက်ဘက် (၁၇)မိုင်ခန့် အကွာ နဘူးလယ်ဒေသမှာ တည်ရှိတဲ့ထားဝယ်အထူးစီးပွားရေးဇုန်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပထမဦးဆုံးစတင်ခဲ့တဲ့ အထူးစီးပွားရေးဇုန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့မူလစတင်စဉ်တုန်းကတော့ ထားဝယ်အထူးစီးပွားရေးဇုန်အမည်နဲ့ မဟုတ်ဘဲနဲ့ ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုနယ်မြေနှင့် ထိုင်းနိုင်ငံသို့ အဝေးပြေးကားလမ်းနဲ့ ရထားလမ်းတည်ဆောက်ရေးစီမံကိန်းဆိုပြီးတော့ စီမံကိန်းစတင် ခဲ့တာ ဖြစ်ပါတယ်။ ထိုစီမံကိန်းနေရာဟာ ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်တဲ့အတွက် ဘင်္ဂလား ပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့ကို မဟာမဲခေါင်တောင်ဘက် စီးပွားရေးစင်္ကြံရဲ့ အနောက်ဘက်တံခါးပေါက်အဖြစ် ဆက်သွယ်ပေးခြင်းဖြင့် ကုန်စည်ပို့ဆောင်ထောက်ပံ့ရေးလမ်းကြောင်း ကို အဆင်ပြေချောမောစေမှာလည်း ဖြစ်ပါတယ်။

ဒီရေနက်ဆိပ်ကမ်းစီမံကိန်းကို ၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့က နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီးတော့ စီမံကိန်းလုပ်ငန်း များ စတင်ဆောင်ရွက်နိုင်ဖို့အတွက်တော့ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ထိုင်းနိုင်ငံ အီတာလျံ-ထိုင်း ကုမ္ပဏီတို့က မူဘောင်သဘောတူစာချုပ် (Framework Agreement)ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျွန်တော်တို့ ထားဝယ်ရေနက် ဆိပ်ကမ်းစီမံကိန်း

အဆင့်(၁)မှာ ရေနက်ဆိပ်ကမ်းအဆင့်(၁)၊ မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး အဆင့်(၁)၊ စက်မှုဇုန်များ၊ အလုပ်ရုံများ၊ စီးပွားရေးအဆောက်အအုံများ၊ လူနေအိမ်ယာများနှင့် ဆေးရုံ၊ ကျောင်းနှင့် ဈေးစတဲ့ လူမှုရေး အဆောက်အအုံတွေ ပါဝင်ပါတယ်။ စီမံကိန်းအဆင့်(၁)ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကုန်ကျစရိတ်မှာ အဲဒီအချိန်က ခန့်မှန်းတွက်ချက်မှုများအရ အမေရိကန်ဒေါ်လာ (၈.၆)ဘီလီယံ၊ သန်းပေါင်း(၈၆၀၀) ခန့်ရှိမယ်လို့ သိရှိရပါတယ်။

ကျွန်တော်တို့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဟာ ပမာဏကြီးမားပြီးတော့ ငွေကြေးမြောက်များစွာ ရင်းနှီးမြှုပ်နှံရန်လိုအပ်တာဖြစ်သော်လည်းပဲ စီမံကိန်းလုပ်ငန်းရင်းနှီး တည်ဆောက်သူ (Developer) အဖြစ် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုတည်းကိုသာ အပ်နှံဆောင်ရွက်တဲ့ အတွက် အဆိုပါ ရင်းနှီးတည်ဆောက်သူအနေနဲ့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ ချေးငွေ မရရှိခြင်းနှင့် အခြား ရင်းနှီးမြှုပ်နှံသူများမှ ငွေကြေးထည့်ဝင် ရင်းနှီးမြှုပ်နှံခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းလုပ်ငန်းတွေကို သတ်မှတ်အချိန်ဇယားအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။

ဒါကြောင့်မို့ နှစ်နိုင်ငံအစိုးရများက ဦးစီးဆောင်ရွက်ပေးနိုင်ဖို့ မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ Memorandum of Understanding Between The Government of the Union of Myanmar And The Government of the Kingdom of Thailand on the Comprehensive Development in the Dawei Special Economic Zone And Its Related Project Areas ဆိုပြီးတော့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းတွေ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ့အဆင့်မြင့်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ထို့အတူပဲ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူး လုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ ဒုတိယဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် အသီးသီး ပါဝင်ဆောင်ရွက်တဲ့ ဆပ်ကော်မတီ(၆)ခုကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ (Joint High Level Committee)နှင့် ပူးတွဲလုပ်ငန်းကော်မတီ(Joint Coordinating Committee) တို့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးတော့ ညှိနှိုင်းအစည်းအဝေးတွေကိုလည်း ကျွန်တော်တို့ တင်ပြပါအတိုင်းဆောင်ရွက်ခဲ့ပါတယ်။

အစည်းအဝေးများမှာ ညှိနှိုင်းဆွေးနွေးချက်များအရ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပါဝင်ယှဉ်ပြိုင်ရင်းနှီး မြှုပ်နှံနိုင်ရန် ဆောင်ရွက်ပေးမည့် ပင်မကုမ္ပဏီဖြစ်တဲ့ Special Purpose Vehicle (SPV)ကို မြန်မာ

နိုင်ငံဘက်ကနိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန(FERD) နှင့် ထိုင်းနိုင်ငံဘက်က Neighbouring Countries Economic Development Cooperation Agency (NEDA)တို့က ကိုယ်စားပြုဌာနများအဖြစ် ဆောင်ရွက်ပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် အမည်ဖြင့် ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ မှတ်ပုံတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီကုမ္ပဏီဟာ ထားဝယ်အထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှုကော်မတီရဲ့ အကြံပေးသူ (Advisor)၊ လုပ်ငန်းအဆင်ပြေချောမွေ့စေရန် စီစဉ်ပေးသူ (Facilitator) နှင့် ပေါင်းစပ်ညှိနှိုင်းပေးသူ (Coordinator) အဖြစ် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒါကတော့ မနှစ်က ဟိုတစ်နှစ်က ကျွန်တော် တင်ပြခဲ့တဲ့အထိ ဆောင်ရွက်ပြီးစီးမှု ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်မှုကို ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ပြုလုပ်တဲ့စတုတ္ထအကြိမ် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးမှာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) တို့အကြားမှာ ချုပ်ဆိုတဲ့မူဘောင်သဘောတူစာချုပ်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီနှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့အကြား ချုပ်ဆိုသည့် သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုးခဲ့တဲ့ ယခင်မူဘောင်သဘောတူစာချုပ်ကို ရပ်ဆိုင်းတဲ့ သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီကျွန်တော်တို့ စီမံခန့်ခွဲမှုကော်မတီနှင့် အထူးထားဝယ်စီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့အကြားမှာ ချုပ်ဆိုခဲ့တဲ့ မူဘောင်သဘောတူစာချုပ်အရ စီမံကိန်းလုပ်ငန်းတွေကို အလျင်အမြန်အကောင်အထည်ဖော်ခြင်းဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို ပင်မစီမံကိန်း (Full Phase Project) နဲ့ ကနဦးစီမံကိန်း (Initial Phase Project) ဆိုပြီးတော့ အဆင့်(၂)ဆင့် ခွဲခြားသတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။

ပင်မစီမံကိန်းမှာတော့ တင်ပြပါအတိုင်း ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေပေးဝေရေးစနစ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ် ကန်ချနာဘူရီပြည်နယ် ဖူနာရွမ်သို့ ဆက်သွယ်သော အဝေးပြေးကားလမ်း၊ မီးရထားလမ်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း၊ မြို့ပြနှင့် စီးပွားရေးအချက်အချာ အဆောက်အဦများ၊ ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေနေရာစခန်းများ စတဲ့စီမံကိန်းလုပ်ငန်းကြီးတွေ ပါဝင်မှာဖြစ်ပြီးတော့ ကနဦးစီမံကိန်းမှာတော့ (၂)လမ်းသွား ကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးစက်မှုဇုန်၊ ကနဦး လျှပ်စစ်ဓာတ်အားပေးရေးစက်ရုံ၊ ကနဦးလူနေအဆောက်အဦနှင့် မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေး စီမံကိန်းနှင့် ဆက်သွယ်ရေးလိုင်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းစတင်ချိန်ကနေစပြီးတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်တို့အကြား ပထမချုပ်ဆိုခဲ့တဲ့စာချုပ်ကို

ရပ်ဆိုင်းတဲ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့အထိ အီတာလျံ-ထိုင်းကုမ္ပဏီက ဆောင်ရွက်ပြီးစီးခဲ့တဲ့ လုပ်ငန်းတွေကတော့ ကျွန်တော်တို့ တင်ပြပါအတိုင်း ထားဝယ်အထူးစီးပွားရေးဇုန်မှ ထိုင်းနိုင်ငံနယ်စပ် ဖူနာရွှမ်အထိ မြန်မာနိုင်ငံဘက်တော့ ထီးထီးပေါ့။ အဲဒီအထိလမ်းအရှည် (၁၃၈)ကီလိုမီတာကို မြေသားလမ်း ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ စီးပွားရေးဇုန်ရဲ့အောက်ဘက် ပန်းတိမ်ယိန်းချောင်းထဲမှာ ကျွန်တော်တို့ ဆိပ်ကမ်းငယ်ပေါ့။ တန်ချိန်(၁၅၀၀၀)လောက် ရေယာဉ်များ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းငယ်တစ်ခုတည်ဆောက်ခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ စီမံကိန်း ဧရိယာအတွင်းမှာ ရှိတဲ့ ရေလှောင်ပမာဏ (၁.၆၇) စတုရန်းကီလိုမီတာရှိတဲ့ ပယင်းဖြူဆည်ကိုလည်း တည်ဆောက်ခဲ့ပါတယ်။

နောက်တစ်ခါကျွန်တော်တို့ ဒီကျေးရွာတွေကနေပြီးတော့ ဒီစီမံကိန်းဧရိယာထဲမှာပါတဲ့ ဒီကျေးရွာတွေကို ပြောင်းရွှေ့ဖို့အတွက် စုစုပေါင်းအိမ်(၄၈၀) တည်ဆောက်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စာသင်ကျောင်းတို့၊ ဘုန်းကြီးကျောင်းတို့၊ ဆေးခန်းတို့၊ ဈေးတို့ ဒါတွေလည်း ထည့်သွင်း ပြီးတော့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ စီမံကိန်းဧရိယာအတွင်းမှာ လမ်းတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ ITD တွေ သူတို့ စခန်းချပြီးအလုပ်လုပ်တဲ့နေရာမှာ ကျွန်တော်တို့ အစည်းအဝေးခန်းတို့၊ ပြခန်းတို့ နောက်တစ်ခါ ကျွန်တော်တို့ ဧည့်ဆောင်တွေ ဒါတွေ တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ကျွန်တော်တို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့အကြားကို ယခင်ချုပ်ဆိုခဲ့တဲ့ မူဘောင်သဘောတူစာချုပ်ကို ရပ်ဆိုင်းခြင်းမပြုမီကာလအထိဒီကုမ္ပဏီကနေပြီးတော့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကို ကျွန်တော်တို့က တန်ဖိုးတွက်ချက်ခြင်း (Due Diligence) လုပ်ငန်းကို ဆောင်ရွက်ခဲ့ရပါမယ်။ ဒီလုပ်ငန်းကိုတော့ Ernst andYoung Corporate Services Limited ကို ငှားရမ်းပြီးတော့ ၂၀၁၄ ခုနှစ်၊ ဧပြီလမှာ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ခုနှစ်၊ ဩဂုတ်လမှာ ကျွန်တော်တို့ Due Diligence လုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီ ကနဦးစီမံကိန်းတွေကို လျင်မြန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့ အတွက် ကျွန်တော်တို့ Project Management Office ပေါ့လေ။ စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ကိုလည်း ကျွန်တော်တို့ Roland Berger Strategy Consultant ကိုတာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကနဦးစီမံကိန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူ တွေကို နိုင်ငံတကာ တင်ဒါခေါ်ယူခြင်း မပြုလုပ်ဘဲနဲ့၊ ရွေးချယ်ခေါ်ယူခြင်း (Selective Bidding)ပုံစံနဲ့ ပြုလုပ်ဖို့ ကျွန်တော်တို့ နဂို နိုဝင်ဘာ ၂၁ ရက်နေ့မှာ လုပ်ခဲ့တဲ့ အစည်းအဝေးမှာ မူဝါဒချမှတ်ခဲ့ပြီးတော့ အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီအဖွဲ့(ITD Consortium) နှင့် ဂျပန်နိုင်ငံ စီးပွားရေးကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန METI ကနေတစ်ဆင့် ဂျပန်ကုမ္ပဏီတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ နေရာမှာ ကနဦးစီမံကိန်းလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ အတွက် ကျွန်တော်အခုနက တင်ပြသလို Roland Berger StrategyConsultant ကို လုပ်ငန်းအပ်နှံ ဆောင်ရွက်စေခဲ့ပါတယ်။

ကျွန်တော်တို့ ကနဦးစီမံကိန်းလုပ်ငန်းတွေမှာ အီတာလျံ-ထိုင်းစုပေါင်းကုမ္ပဏီအဖွဲ့ကို ရင်းနှီး တည်ဆောက်သူအဖြစ် ပါဝင်ရန်ဖိတ်ခေါ်ခဲ့ခြင်းကတော့ အီတာလျံ-ထိုင်းက ၂၀၀၈ ခုနှစ်ကစပြီးတော့ ဒီ စီမံကိန်းမှာပါဝင်ခဲ့ပြီး ၂၀၁၀ ကနေအစအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခင် မူဘောင်သဘောတူစာချုပ်က စည်းနှောင်မှုခိုင်မာခြင်း ကျွန်တော်တို့ Binding Power မရှိတဲ့

အတွက် စာချုပ်ကိုရပ်ဆိုင်းပြီးနိုင်ငံတကာ စံနှုန်းများအရပိုမို စနစ်ကျပြီးတော့ Binding Power ပိုကောင်းတဲ့ပုံစံကို ပြောင်းလဲဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အီတာလျံ-ထိုင်း ကုမ္ပဏီကိုဘေးကို ဖယ်ထုတ်တာမဟုတ်ဘဲနဲ့ ခိုင်မာတဲ့လမ်းကြောင်းမှန်ပေါ်ကို ပြန်တင်ပေးပြီးဖြစ်ပြီးတော့ ထားဝယ် အထူးစီးပွားရေးဇုန်မှာ ယခင် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းအတွေ့အကြုံရှိသဖြင့် ကနဦးစီမံကိန်းလုပ်ငန်း တွေမှာ ကျွန်တော်တို့ ပြန်လည် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့၊ စတင်နိုင်ဖို့ အတွက်ကို ကျွန်တော်တို့ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ Roland Berger ကနေပြီးတော့ ကနဦးစီမံကိန်းနဲ့ ပတ်သက်ပြီး တင်ဒါတင်သွင်းရာမှာ ပါဝင်ခဲ့တဲ့ အချက်အလက် Terms of Reference တွေကို အသေးစိတ်ပြုစုပြီးတော့ မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့နဲ့ ညှိနှိုင်းဆွေးနွေး ပြင်ဆင်အတည်ပြုခြင်း တွေကို လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရမယ့်အချိန်တွေကို ကျွန်တော်တို့သတ်မှတ်ခဲ့ပါတယ်။

အဲဒီသတ်မှတ်ပြီးတော့ Terms of Reference တွေကို ကျွန်တော်တို့ Selective Tender ခေါ်ယူမယ့် ITD နဲ့ ဂျပန်က METI ကို ကျွန်တော်တို့ ၂၀၁၄၊ ဩဂုတ်လ ၁၄ ရက်မှာ ပေးပို့ခဲ့ပါတယ်။ ပေးပို့ခဲ့တဲ့ Terms of Reference -TORမှာတော့ တင်ပြပါအတိုင်း အချက်(၉)ချက် အဓိကထားပြီး တော့ ပါဝင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ အထိ သူတို့ထံကနေပြီးတော့ TOR နဲ့ပတ်သက်ပြီးတော့ မေးခွန်းများ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းတွေကို ဆောင်ရွက်ခဲ့ပြီးတော့ လုပ်ငန်းဆောင်ရွက်မည့် သဘောတူ စာချုပ်မူကြမ်း Draft Concession Agreement တွေကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။

ကျွန်တော်တို့ Draft Concession Agreement ကတော့ ကျွန်တော်တို့ဘက်က အထူး စီးပွားရေးဇုန်ဧရိယာအတွင်းမှာရှိတဲ့ လုပ်ငန်း(၅)ခုဖြစ်တဲ့ စက်မှုနယ်မြေ၊ နောက်တစ်ခါ ရေပေးဝေရေး၊ လျှပ်စစ်ဓာတ်အားပေးဝေရေး၊ ကျွန်တော်တို့ မြို့ပြစီမံကိန်း၊ တယ်လီဖုန်းစီမံကိန်း စတဲ့လုပ်ငန်း(၅)ခု အတွက် (၁)စောင်နှင့် ဆက်စပ်စီမံကိန်းတွေဖြစ်တဲ့ အပြင်ဘက်မှာရှိတဲ့ (၂)လမ်းသွားကားလမ်းအတွက် နောက်တစ်ခါ ဆိပ်ကမ်းငယ်(Small Port)အတွက် (၁)စောင်၊ စုစုပေါင်း(၃)စောင် ပေးပို့ခဲ့ပါတယ်။ တင်ဒါခေါ်ယူတဲ့ အဖွဲ့အစည်းတွေထံက ကမ်းလှမ်းလွှာတင်သွင်းခြင်းကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှာ လက်ခံရရှိခဲ့ပြီး ကြည့်ရှုစစ်ဆေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများဆောင် ရွက်ခဲ့ပါတယ်။

တင်သွင်းလာတဲ့ ကမ်းလှမ်းလွှာများအရ ဂျပန်နိုင်ငံ METI မှ Suggestion Proposal ကိုသာ တင်သွင်းပြီးတော့ ဂျပန်နိုင်ငံအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအနေနဲ့ ထားဝယ်အထူး စီးပွားရေးဇုန်စီမံကိန်းကို စိတ်ဝင်စားပါကြောင်း၊ ထားဝယ်အထူး စီးပွားရေးဇုန်သည် မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသာမက မဲခေါင်ဒေသ နိုင်ငံများရဲ့ သွင်းကုန်၊ ထုတ်ကုန်အချက်အချာနေရာတစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ သို့အတွက် ဂျပန်နိုင်ငံအနေနဲ့ အစိုးရဌာန များနှင့် ကုမ္ပဏီများက ပထမအဆင့်အဖြစ် စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ အချက်အလက်များ ပိုမို သိရှိနိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်၍ ဖြစ်နိုင်ချေရှိမှု ကို လေ့လာစိစစ်သွားမည်ဖြစ်ကြောင်း၊ METI က ဦးဆောင်ပြီးတော့ Ecomomic Research Institute For ASEAN and East Asia (ERIA)က တာဝန်ယူပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန် ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနဲ့ ပတ်သက်တဲ့ သုတေသန လုပ်ငန်း(၃)ခုဖြစ်တဲ့ (၁) မြန်မာနိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ

တောင်ဖက် စီးပွားရေး စကြ်န်ဖွံ့ဖြိုး တိုးတက်တိုးမြှင့်စေရေးသုတေသန၊ (၂) ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ လေ့လာသုံးသပ်ရေးသုတေသနနှင့် (၃) ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးသုတေသနတို့ကို ကျွန်တော်တို့ အခုလည်း စတင်ပြီးတော့ ဆောင်ရွက်နေပါပြီ။ ၂၀၁၅ ခုနှစ်၊ မတ်လအပြီးမှာ စတင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ကနဦးစီမံကိန်းတွေကို ဆောင်ရွက်မည့် အီတာလျံ-ထိုင်း စုပေါင်း ကုမ္ပဏီအဖွဲ့ (ITD Consortium) မှာတော့ တင်ပြပါအတိုင်း Italian-Thai Development Public Company Limited(ITD), Rojana Industrial Park Public Company Limited (Rojana), Electricity Generating Public Company Limited (EGCO)နှင့် LNG Plus International Company Limited တို့ (၄) ခုပူးပေါင်းပြီးတော့ ပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကနဦးစီမံကိန်းမှာ Industrial Estate လုပ်ငန်းတွေအတွက် မြေအကျယ်အဝန်းကို သတ်မှတ်ပေးတဲ့အခါမှာ ထားဝယ်အထူး စီးပွားရေးဇုန် နယ်နိမိတ်ဧရိယာ(၁၉၆)စတုရန်းကီလိုမီတာ တစ်ခုလုံးကို ငှားရမ်းပေးမှာမဟုတ်ဘဲနဲ့ ကနဦးစီမံကိန်းမှာ (၂၇)စတုရန်းကီလိုမီတာကိုသာ ကနဦးစီမံကိန်း တည်ဆောက်ရန်နှင့် ဆက်စပ် လုပ်ငန်းများအတွက် (၄)စတုရန်းကီလိုမီတာ စုစုပေါင်း(၃၁)စတုရန်းကီလိုမီတာခန့်ကိုသာ ခွင့်ပြုပေးမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ စီမံကိန်းဧရိယာတစ်ခုလုံး၏ (၁၇)ရာခိုင်နှုန်းခန့်သာ ကနဦးစီမံကိန်းမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကနဦးစီမံကိန်းစက်မှုလုပ်ငန်းများအတွက်လည်း (၂၇)စတုရန်းကီလိုမီတာကို စာချုပ် လက်မှတ်ရေးထိုးချိန်မှာ အားလုံးပေးမှာမဟုတ်ဘဲနဲ့ စတင်ချိန်မှာ ပထမအဆင့်(၇) စတုရန်း ကီလိုမီတာ၊ နောက်(၃)နှစ်မှာ ဒုတိယအဆင့် (၇)စတုရန်းကီလိုမီတာ၊ နောက်(၂)နှစ်မှာ တတိယအဆင့် (၇)စတုရန်း ကီလိုမီတာနှင့် နောက်ထပ်(၂)နှစ်မှာ နောက်ဆုံး(၆)စတုရန်းကီလိုမီတာ ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုခွင့်ပြုပေးရာမှာ ပေးထားတဲ့မြေဧရိယာပေါ်တွင် (၆၅)ရာခိုင်နှုန်းစက်ရုံများ တည်ဆောက်လည်ပတ် နေခြင်း သို့မဟုတ် အလုပ်အကိုင် (၆၀၀၀၀)ဖန်တီးပေးနိုင်ခြင်း စတဲ့အချက်တွေ ပြည့်မီမှသာ အဆင့်အလိုက် ထပ်တိုးပေးသွားမှာ ဖြစ်ပါတယ်။ မြေငှားခအနေနဲ့လည်း ပထမနှင့်ဒုတိယအဆင့် (၁၄)စတုရန်းကီလိုမီတာကို (၁)စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ(၂.၅)နှုန်းဖြင့်လည်းကောင်း၊ တတိယနှင့် နောက်ဆုံးအဆင့် (၁၃)စတုရန်းကီလိုမီတာအတွက် (၁)စတုရန်းမီတာလျှင် အမေရိကန် ဒေါ်လာ (၄.၂၅)နှုန်းဖြင့်လည်းကောင်း သတ်မှတ်ထားပါတယ်။

တကယ်လို့မြေဧရိယာအကောင်အထည်ဖော်နိုင်မှု (၃၀)ရာခိုင်နှုန်းအောက် လျော့နည်းမယ်၊ သို့မဟုတ် အလုပ်အကိုင်ဖန်တီးပေးနိုင်တဲ့ (၂၈၀၀၀)အောက် လျော့နည်းမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ခွင့်ပြုမြေကို ပြန်လည်သိမ်းဆည်းမယ်ဆိုတဲ့အချက်တွေ ပါဝင်ပါတယ်။ နောက် ကနဦး စီမံကိန်းလုပ်ငန်းများမှာ ကျွန်တော်တို့ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့အနေနဲ့ ကနဦးစီမံကိန်းလုပ်ငန်းများ စောစောကတင်ပြသလို ဒီ Terms of reference နဲ့ Concession Agreement မှာ လုပ်ငန်း (၇)ခုဆိုပြီးတော့ သတ်မှတ်ခေါ်ယူခဲ့ပေမယ့် အဲဒီ ITD Consortium က လုပ်ငန်း(၉)ခုနဲ့ကျွန်တော်တို့ တင်ပြပါတယ်။ အဲဒီမှာ အဓိကအားဖြင့်ကတော့

Power Plant မှာ Initial Power Plant မှာ ကျွန်တော်တို့က တစ်ခုတည်းပေးပေမယ့် သူတို့က Initial Power Plant နဲ့အတူ Temporary Power Plant နဲ့ Power Plant တွေမှာ ကျွန်တော်တို့ ဓာတ်ငွေ့နဲ့ မောင်းနှင်ဖို့အတွက် LNG Terminal မှာ ဒီဟာပါ ထည့်သွင်းပြီးတော့ ကျွန်တော်တို့ Propose လုပ်လာတာဖြစ်တဲ့အတွက် (၉)ခုဖြစ်သွားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ LNG Terminal လုပ်ငန်းကတော့ မူလခေါ်ယူစဉ်က ပါဝင်တာမရှိတဲ့အတွက် သီးခြားဆွေးနွေးဖို့နဲ့လုပ်ငန်း(၈)ခုအတွက် ဆောင်ရွက်မယ့်စာရွက်တွေ လက်မှတ်တွေရေးထိုးပြီးချိန်ကနေ ရက်ပေါင်း(၉၀)အတွင်း အပြီးသတ်ညှိနှိုင်းဆောင်ရွက် သွားဖို့ကိုလည်း ကျွန်တော်တို့ ညှိနှိုင်းသဘောတူထားပါတယ်။ ကျွန်တော်တို့ ကနဦးစီမံကိန်းလုပ်ငန်းများအတွက် အဓိကအချက်ကတော့ တင်ပြပါအတိုင်းပဲ အဓိကကတော့ ကနဦးစီမံကိန်းလုပ်ငန်း (၈)နှစ်ဖြစ်တဲ့ မြေဈေးနှုန်းတွေ ဘယ်လိုကောက်ခံမယ်ဆိုတဲ့ဒီလိုအချက်တွေကို တင်ပြပါအတိုင်း ကျွန်တော်တို့ ပါဝင်တာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်သူက ဒီအချက်တွေကို ကျွန်တော်တို့ လိုက်နာရမှာဖြစ်သလို ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကလည်း ဒီစာချုပ်လက်မှတ်ထိုးပြီးတာနဲ့ ရက်ပေါင်း(၁၈၀)အတွင်းမှာ ကျွန်တော်တို့တင်ပြပါအချက်များဖြစ်တဲ့ ကျွန်တော်တို့ မြေငှားရမ်းတာဆောင်ရွက်ပေးရမယ်။ နောက်တစ်ခါကျွန်တော်တို့ ဇုန်တွေခွဲပေးရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ One Stop Service Centre သတ်မှတ်ပေးရမယ်။ ကျွန်တော်တို့ မြေယာလျော်ကြေးပေးဖို့၊ ပြန်လည်နေရာချထားပေးဖို့အတွက် ကော်မတီတွေ ဖွဲ့စည်းပေးရမယ်ဆိုတဲ့ တင်ပြပါအချက်တွေ လိုက်နာဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်ရမယ့် သဘောတူစာချုပ် Concession Agreement မှာ လုပ်ငန်းရပ်ဆိုင်းခြင်း၊ တရားဥပဒေအရဖြေရှင်းခြင်းတွေကိုလည်း အသေးစိတ်ထည့်သွင်း ရေးဆွဲနေ ပါတယ်။ တကယ်တော့ကျွန်တော်တို့သဘောတူစာချုပ်တွေကို အောက်တိုဘာလ ၃၁ ရက်နေ့မှာ တကယ်တော့ အပြီးသတ်ညှိနှိုင်းပြီးရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ တချို့အချက်အလက်တွေသည် စီမံကိန်းလည်း ကြီးတယ်၊ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုပမာဏလည်းများတယ်။ အခုနက ကျွန်တော်ပြောသလို စည်းနှောင်တဲ့ Binding Power တစ်ဖက်နဲ့ တစ်ဖက်ညှိနှိုင်းနေရတာ ဖြစ်တဲ့အတွက်ကြောင့် အခု ကျွန်တော်တို့ အပြီးသတ်ညှိနှိုင်းနိုင်ဖို့အတွက်ကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ စီမံကိန်းဧရိယာများအတွင်းမှာ စုစုပေါင်းလျော်ကြေးငွေပေးပြီး မြေဧကက (၇၃၄၉.၄၈) ဧက ရှိပါတယ်။ လျော်ကြေးငွေကျပ်သန်းပေါင်း(၂၉၀၃၈.၈၄) ကျွန်တော်တို့ ကျပ်ငွေ(၂၉)ဘီလီယံလောက်ကို တကယ်တော့ လျော်ကြေးပေးထားပြီးသား ဖြစ်ပါတယ်။

ကနဦးစီမံကိန်းများ စတင်တဲ့အချိန်မှာတော့ ဒီစီမံကိန်းမြေနေရာအတွင်းမှာ လျော်ကြေးပေးခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်းတွေကို ကျွန်တော်တို့နိုင်ငံတကာက သတ်မှတ်ပေးထားတဲ့ စံနှုန်းများနဲ့အညီ ဆောင်ရွက်ပေးဖို့အတွက် လုပ်ငန်းဆောင်ရွက်သူက (Consultant)ပေါ့။ အတိုင်ပင်ခံကျွမ်းကျင်သူငှားရမ်းဆောင်ရွက်ပေးရမှာဖြစ်သလို ကျွန်တော်တို့အပိုင်းကလည်း စောစောတုန်းက ကျွန်တော်တင်ပြခဲ့တဲ့ ဆပ်ကော်မတီ(၆)ခုမှာ ဒီ Community Development ဆိုပြီးတော့ ဆပ်ကော်မတီတစ်ခု လူမှုဝန်ထမ်းက ဒုတိယဝန်ကြီးဦးဖုန်းဆွေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဆပ်ကော်မတီပါဝင်ပြီးတော့ ဒီကော်မတီကနေ ဦးစီးပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ပင်မစီမံကိန်း (Full Phase) မှာ ပါဝင်ဆောင်ရွက်ဖို့ ဂျပန်နိုင်ငံက စိတ်ဝင်စားမှုရှိတဲ့အတွက်ကြောင့်မို့လို့ မြန်မာ-ထိုင်း ဂျပန်(၃)ပွင့်ဆိုင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများကိုလည်း (၄)ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်စောစောတုန်းက တင်ပြခဲ့တဲ့အတိုင်း ဂျပန်နိုင်ငံက METI ကနေပြီး သုတေသနလုပ်ငန်း(၃)ခုကိုလည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ နောက်လမှာ ဒါ ပြီးစီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအပြင်နောက်အိန္ဒိယနိုင်ငံမှ လုပ်ငန်းရှင်တွေကလည်း ထားဝယ် အထူးစီးပွားရေးအထူးစီမံကိန်းဇုန်မှာ ပါဝင်ဆောင်ရွက်ဖို့ကို စိတ်ဝင်စား မှုရှိပါတယ်။

နောက်တစ်ခါ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၊ လွန်ခဲ့သော(၁၀)ရက်ခန့်က ဒုတိယသမ္မတ ဦးညာဏ်ထွန်း ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပဉ္စမအကြိမ် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးတွေကို ကျင်းပခဲ့ပြီးတော့ ကနဦး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ထားဝယ် အထူးစီးပွားရေးဇုန်အတွက် Master Plan ရေးဆွဲခြင်းနှင့် ပင်မစီမံကိန်း Full Phase ဆက်လက် အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးညှိနှိုင်းပြီးတော့ လုပ်ငန်းလျာထားချက်တွေကို တင်ပြပါအတိုင်း ချမှတ်နိုင်တာဖြစ်ပါတယ်။ နောက်ဒါ့အပြင် ကျွန်တော်တို့ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးနှင့် ပတ်သက်ပြီးတော့ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးတွဲသတင်း ထုတ်ပြန်ချက်ကိုလည်း သတင်းစာတွေမှာ တင်ပြပါအတိုင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။

နောက်ကျွန်တော်ဆက်လက်ပြီးတော့ ထားဝယ်စီးပွားရေးဇုန်စီမံကိန်းမှာ နယ်နိမိတ် ပတ်သက်တဲ့ဟာလည်း ဆက်လက်တင်ပြပါမယ်။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနယ်နိမိတ်ကို မူလက ၂၀၁၂ ခုနှစ်၊ မတ်လမှာ သတ်မှတ်ထုတ်ပြန်ခဲ့ရာ အကျယ်အဝန်းအားဖြင့် (၂၀၄.၅၁)စတုရန်းကီလိုမီတာ၊ ဧကအားဖြင့် (၅၀၅၃၅)ရှိပြီးတော့ သတ်မှတ်နယ်နိမိတ်အတွင်းမှာ လူနေကျေးရွာ(၁၆)ရွာ ပါဝင်နေတဲ့အတွက် စီမံကိန်းနယ်နိမိတ်အတွင်းမှာရှိတဲ့ လူနေအိမ်ခြေများတဲ့၊ ရွှေ့ပြောင်းရခက်တဲ့ ရွာတွေကို ချန်လှပ်ပြီးတော့ မြောက်ဘက်ခြမ်းမှာရှိတဲ့ လူနေအိမ်ခြေအလွန် နည်းပါးတဲ့ နေရာများကို အစားထိုးပြီးတော့ နယ်နိမိတ်ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလက ပြင်ဆင်သတ်မှတ်ချက်အရ ထားဝယ် အထူးစီးပွားရေးဇုန်ဟာ အကျယ်အဝန်းအားဖြင့် (၁၉၆)စတုရန်း ကီလိုမီတာဧကအားဖြင့် (၄၈၄၃၂) ရှိမှာဖြစ်ပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း လူနေကျေးရွာ(၆)ရွာဖြစ်တဲ့ ထိန်ကြီး၊ လဲရှောင်၊ ပရဒတ်၊ မူဒူး၊ ခမောက်ချောင်းနဲ့ ဝက်ချောင်း စတဲ့ကျေးရွာများသာ ပါဝင်တော့မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဘီးလင်းတာယာစက်ရုံနှင့် သထုံတာယာစက်ရုံ(၂)ရုံ လည်ပတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဘီးလင်း တာယာစက်ရုံနှင့် သထုံတာယာစက်ရုံ (၂)ရုံ လည်ပတ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည် ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ အောက်ဖော်ပြပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအခါ ကျွန်တော်တို့မွန်ပြည်နယ်တွင် ရော်ဘာစိုက်တောင်သူများ ရော်ဘာဈေးနှုန်းကျဆင်းနေသဖြင့် အခက်အခဲများ ရင်ဆိုင်နေရပါတယ်။ ကိုယ့်နိုင်ငံတွင် ရော်ဘာနှင့် ပတ်သက်သော ကုန်ချောများ ထုတ်လုပ်နိုင်ပါက အတိုင်းအတာ တစ်ခုအရ ရော်ဘာဈေးနှုန်း ပြဿနာတစ်ခုကို ဖြေရှင်းနိုင်ပါလိမ့်မယ်လို့ ယူဆပါတယ်။

မွန်ပြည်နယ်ရှိ ဘီးလင်းတာယာစက်ရုံနှင့် သထုံတာယာစက်ရုံသည် အရည်အသွေးကောင်းမွန်သော တာယာများ ထုတ်လုပ်နိုင်ပါက လိုအပ်သော ရော်ဘာကုန်ကြမ်းများ တင်သွင်းနိုင်လျှင် ရော်ဘာဈေးနှုန်း တက်လာနိုင်ပါသည်။

ထို့ကြောင့် စက်မှုဝန်ကြီးဌာနအောက်ရှိ တာယာစက်ရုံ (၂)ရုံ လည်ပတ်ရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် လည်ပတ်နိုင်မည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၀။**

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီးတော့ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့မွန်ပြည်နယ် စက်မှုဝန်ကြီးဌာနအောက်ရှိတာယာစက်ရုံ(၂)ရုံ လည်ပတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်မှာ အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ (ဘီးလင်း)တို့ဟာ မွန်ပြည်နယ်မှာ တည်ရှိပြီးတော့ တာယာနှင့် ရော်ဘာပစ္စည်းများ ထုတ်လုပ်လျက်ရှိပါတယ်။

စက်မှုဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်လုပ်ငန်းများကို လျှော့ချ၍ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်မှ ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်တဲ့ စက်ရုံများမှအပ ကျန်စက်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းနှင့် နှစ်တို/နှစ်ရှည် ငှားရမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာမှာ အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)အား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် နေ့မှစ၍ အောင်ထက်မြက်ကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းမှု ဆောင်ရွက်ထားပြီး ဈေးကွက်လိုအပ်ချက် ရှိတဲ့ Radial Tyre များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိပါတယ်။

အမှတ်(၂၁)အကြီးစားစက်ရုံ (သထုံ)၌လည်း Bias Tyre များ ထုတ်လုပ်ရောင်းချလျက်ရှိတဲ့အပြင် Rubber Compound Sheet နှင့် Rubber Cement စတဲ့ ရော်ဘာပစ္စည်းများကို အမှာစာရရှိမှုအပေါ်မှာ မူတည်၍ ထုတ်လုပ်လျက်ရှိပါတယ်။ ထုတ်လုပ်မှုအတွက် လိုအပ်တဲ့ ရော်ဘာကုန်ကြမ်းများကို စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်မှာရှိတဲ့ အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို)မှ ဝယ်ယူအသုံးပြုလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်မှာရှိတဲ့ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့မှာ ထုတ်လုပ်မှုရပ်နားထားခြင်းမျိုးမရှိဘဲ စဉ်ဆက်မပြတ် ထုတ်လုပ်မှု လည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၀)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၉ နာရီအချိန်တွင်ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၉။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ ကျန်ရှိတဲ့ မေးခွန်း(၂)ခု ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ လွှတ်တော်ကို တင်ပြပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့်မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေရှိ လမ်းမကြီးများတွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မော်တော်ဆိုင်ကယ်များ စီးနင်းသွားလာရန် မော်တော်ဆိုင်ကယ်လမ်း သီးခြားသတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေးက နေပြည်တော်ကောင်စီနယ်မြေရှိ လမ်းမကြီးများတွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မော်တော်ဆိုင်ကယ်များ စီးနင်းသွားလာရန် မော်တော်ဆိုင်ကယ်လမ်း သီးခြားသတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နေပြည်တော်ကောင်စီနယ်မြေရှိ လမ်းမကြီးများတွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မော်တော်ဆိုင်ကယ်များ စီးနင်းသွားလာရန် မော်တော်ဆိုင်ကယ်လမ်း သီးခြားသတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်သွားလာရေး ကြီးကြပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နေပြည်တော်ဟာ နိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ လမ်းတွေဟာတစ်ဖက် (၄)လမ်းသွားတွေနဲ့၊ (၆)လမ်းသွားတွေနဲ့ (၈)လမ်းသွားများအဖြစ် ကွန်ကရစ်များ ခင်းပေးထားတာဖြစ်တဲ့အတွက် သွားလာရာမှာ အဆင်ပြေလျက်ရှိပါတယ်။ ဒါ့အပြင် လူစီးမော်တော်ယာဉ်များသွားလာရာမှာ ပိုမိုအဆင်ပြေစေဖို့အတွက် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရန် ကွန်ကရစ်လမ်း တစ်ဖက်တစ်ချက်စီမှာ အတွင်းမှ လမ်းကြောင်း (၂)လမ်းသွားကို နိုင်လွန်ကတ္တရာလမ်းအဖြစ် ထပ်မံခင်းထားပေးသည့်အတွက် အလွန်ပင်သွားလာမှု အဆင်ပြေလျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့ အာဆီယံအစည်းအဝေးများ၊ နိုင်ငံတကာအဆင့်မြင့် ထိပ်သီး အစည်းအဝေးကြီးများ၊ နိုင်ငံတကာများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံတဲ့အစီအစဉ်များ စဉ်ဆက်မပြတ် ကျင်းပလျက်လည်း ရှိပါတယ်။ မြို့တော်ဖြစ်တာနဲ့အညီ လမ်းများ၊ လမ်းလယ်ကျွန်းအတွင်းရှိ အလှစိုက် သစ်ပင်များ၊ ခန့်ညားတဲ့အဆောက်အအုံများနဲ့နိုင်ငံ့အလယ်မှာ ဝင့်ထည်လျက်လည်း ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နေပြည်တော်ကောင်စီ နယ်မြေမှာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူအများ သွားလာမှု အဆင်ပြေလွယ်ကူစေရန်အတွက် မော်တော်ဆိုင်ကယ်များကို စီးနှင်းသွားလာခွင့်လည်း ပေးထားပါတယ်။ နေပြည်တော်မှာ မော်တော်ယာဉ် များ၊ မော်တော်ဆိုင်ကယ်များဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာလျက်လည်း ရှိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း လိုက်နာစေဖို့အတွက် ယာဉ်များထိခိုက်နိုင်မှု အန္တရာယ် မဖြစ်ပွားစေရေးအတွက်လည်းပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကြီးကြပ်ထိန်းသိမ်းပေးလျက် ရှိနေတာလည်း တွေ့ရှိရပါတယ်။

မော်တော်ဆိုင်ကယ်များအနေနဲ့ နေပြည်တော်ရဲ့ ကွန်ကရစ်လမ်းမကြီးများရဲ့မှာ ညာဘက် ခြမ်းမှာ ကပ်လျက်စီးနင်းမည်ဆိုပါက မော်တော်ယာဉ်များနှင့် ထိခိုက်မှု အန္တရာယ်လည်းပိုပြီး ကင်းဝေး နိုင်မှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ လတ်တလောအခြေအနေမှာတော့ မော်တော်ဆိုင်ကယ် အများစု ဟာ လူစီးမော်တော်ယာဉ်များ အဓိကထားသွာလာမောင်းနှင်နေတဲ့ ကွန်ကရစ်လမ်းမကြီးရဲ့ အတွင်းမှာ ရှိတဲ့ နိုင်လွန်ကတ္တရာခင်းထားတဲ့ အတွင်းလမ်းကြောင်းများကသာ နေရာယူမောင်းနှင်နေကြတဲ့အတွက် လူစီးမော်တော်ယာဉ်များ ဂရုစိုက် မောင်းနှင်နေကြတာကိုလည်း တွေ့မြင်ကြရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လူများ အမှားတွေချည်းပဲ ဆက်တိုက်ဆက်တိုက် လုပ်လာတာများရင်ဖြင့် ကြာလာရင် အမှားက အမှန်ပဲလို့ ထင်သွားစရာ ဖြစ်သွားတတ်တာကိုလည်း သတိထားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ နေပြည်တော်ဟာ နိုင်ငံတော်ရဲ့မြို့တော်ဖြစ်ပြီး ပိုပြီးတော့ ခန့်ညားထည်ဝါစေရန်အတွက် လည်းကောင်း၊ မော်တော်ယာဉ်များနဲ့ မော်တော်ဆိုင်ကယ်များ ထိခိုက်မှု အန္တရာယ်မဖြစ်စေရန်အတွက် ကွန်ကရစ် လမ်းမကြီးနှင့် လမ်းမကြီးများရဲ့ ညာဘက်ခြမ်းမှာ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင် သွားလာရမယ့် လမ်းအဖြစ် သီးခြားသတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက သတ်မှတ် လမ်းကြောင်းအတိုင်း မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်သွားလာရေး ကြီးကြပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နေပြည်တော်အတွက် လက်တွေ့ကျသည့် မြို့ပြစီမံကိန်း (Town Plan) တစ်ခုချမှတ်ပြီး တည်ဆောက်ရေး လုပ်ငန်းများကို ကန့်သတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က နေပြည်တော်အတွက် လက်တွေ့ကျသည့် မြို့ပြစီမံကိန်း (Town Plan) တစ်ခု ချမှတ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၃။**

**ဒေါက်တာမြတ်ဥဇာစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ နေပြည်တော်အတွက် လက်တွေ့ကျတဲ့ (Town Plan) တစ်ခု ချမှတ်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို ကန့်သတ်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့မြို့တော်ကို နေပြည်တော်လို့ သတ်မှတ်လိုက်ပြီးတဲ့နောက်မှာ တည်ဆောက်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ဆယ်စုနှစ်တစ်ခု ကျော်ကြာပါပြီ။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ တခြားမြို့ကြီးတွေထက် အဆပေါင်းများစွာ ဘဏ္ဍာငွေကြေးတွေ သုံးစွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုလွှတ်တော်ကြီးမှာ ဘတ်ဂျက် Section မှာ ဆွေးနွေးတဲ့ အခါကျရင်လည်း နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းတွေကို နှစ်စဉ်ပဲ လျှော့ချပြီးတော့၊ ဖြတ်တောက်ပြီးတော့ ဆောင်ရွက်နေရပါတယ်။

အခုအချိန်မှာ နေပြည်တော်က အုပ်ချုပ်ရေးမြို့တော်တစ်ခုအနေနဲ့တော့ လမ်း၊ တံတား၊ မြေယာဖွံ့ဖြိုးမှုအိမ်ရာတွေ၊ လျှပ်စစ်နဲ့ အခြားအခြေခံအဆောက်အအုံတွေဟာ ပြည့်စုံလုံလောက်မှု ထိုက်သင့်သလောက်ရှိနေပြီလို့ ယူဆလိုပါတယ်။ ဒါပေမဲ့ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းတွေကိုတော့ အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်နေဆဲပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ နေပြည်တော်မှာ လွှတ်တော်ကြီးတွေလည်း တည်ထားပြီးပါပြီ။ နောက်တစ်ခါ ASEAN Summit အစည်းအဝေးကြီးကိုလည်း အောင်မြင်စွာ ကျင်းပပြီး ပါပြီ။ နောက်တစ်ခါ အရှေ့တောင်အာရှ အားကစားပွဲကြီးကိုလည်း အောင်မြင်စွာ လက်ခံကျင်းပပြီး ဖြစ်ပါတယ်။ နေပြည်တော်ဟာ တခြား ရန်ကုန်၊ မန္တလေးမြို့ကြီးတွေနဲ့ ကွာခြားတာက အုပ်ချုပ်ရေးဆိုင်ရာ မြို့တော်ပဲ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် ဝါရှင်တန်ဒီစီ ကျစ်လျစ်စွာ ဖွဲ့စည်း တည်ထောင်ထားပါတယ်။ လူနေများပြားတဲ့ နယူးယောက်၊ ချီကာဂို၊ ဒက်ထရိုက် အစရှိတဲ့ မြို့ကြီးပေါင်း များစွာ ရှိပါတယ်။

သြစတြေးလျလည်း ဒီလိုပါပဲ။ ကမ်ဘာရာဟာမြို့တော်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးရုံးစိုက်ရာ မြို့တော်ဖြစ်ပါတယ်။ ဒါပေမဲ့ ဆစ်ဒနီတို့၊ ပတ်ခ်တို့လို လူဦးရေ မြောက်မြားစွာ မှီတင်းနေထိုင်တဲ့ မြို့တွေရှိပါတယ်။ ကနေဒါမှာဆိုလည်း ဒီလိုပါပဲ။ အော့တ်ဝါ ဟာ Capital City ဖြစ်ပေမယ့် တိုရမ်တိုတို့၊ မွန်ထရီရယ် တို့ဟာ ပိုပြီးတော့ကြီးတဲ့ မြို့ကြီးတွေပါ။ နောက် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ မလေးရှား နိုင်ငံမှာဆိုရင်လည်း ပူထွာဂျားရား ဟာ ကွာလာလမ်ပူမြို့တော်နဲ့ အလှမ်းမဝေးတဲ့နေရာမှာ တည်ထောင် ပြီးတော့ ထားရှိပါတယ်။

နေပြည်တော်ကတော့ အုပ်ချုပ်ရေးမြို့တော် စစ်စစ်ဖြစ်တာကို တင်ပြလိုတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုတည့်တည့်မှာ ရှိပါတယ်။ ရန်ကုန်မြို့တော်ကိုတော့ စီးပွားရေးမြို့တော်အဖြစ် သတ်မှတ်ထားပါတယ်။ မန္တလေးမြို့တော်ကိုတော့ ယဉ်ကျေးမှုမြို့တော်အဖြစ် သတ်မှတ်ထားတာကို တွေ့ရပါတယ်။ အဲဒီတော့ တင်ပြလိုတာကတော့ စနေ၊ တနင်္ဂနွေကြည့်လိုက်ရင် နိုင်ငံအနှံ့အပြားကနေ ပြီးတော့ လာရောက်တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် အားလုံး မိမိတို့နေရပ်ကို ပြန်တဲ့အနေအထား ရှိပါတယ်။ လုံလောက်တဲ့ဝန်ထမ်းအိမ်ရာ၊ ဈေး၊ ကျောင်း၊

ရဲစခန်း၊ မီးသတ်စခန်း၊ ဆေးရုံ၊ ပန်းဥယျာဥ်၊ ဟိုတယ်ဇုန်တွေ၊ သံတမန်ဆိုင်ရာ မြို့ပြနေရာတွေကိုလည်း ဖော်ထုတ်တည်ဆောက်ထားပြီး ဖြစ်ပါတယ်။

ဟိုတယ်ဇုန် ဆိုရင်လည်း ဟိုတယ်ဇုန်(၁)တွင်မကဘူး ဟိုတယ်ဇုန်(၂)ပါ ထူထောင်ထားပြီး ဖြစ်ပါတယ်။ တည်းခိုတဲ့သူကတော့ လက်တွေ့မှာတော့ မရှိဘူးဆိုတာ ဒါအားလုံး မျက်မြင်သက်သေပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က နေပြည်တော်ကို ဘယ်လို Town Plan နဲ့ ကျွန်တော်တို့က တည်မှာလဲ။ မြန်မာနိုင်ငံရဲ့ မြို့တွေထဲမှာ အကောင်းဆုံးအခြေခံ အဆောက်အအုံတွေကို ပိုင်ဆိုင်ထားတဲ့ အတွက်ကြောင့်မိုလို့ ဒီမြို့တော်ကြီးကို ကျွန်တော်တို့ဘယ်လိုအသုံးချမှာလဲ။ ဒီလောက် Infrastructure တွေပြည့်စုံနေရင် စက်မှုဇုန်တွေ ထူထောင်ထားရှိရင်လည်း ဆိပ်ကမ်းနဲ့အင်မတန်မှ အလှမ်းဝေးတဲ့ အတွက်ကြောင့်မို့ ဒီနေရာဟာ တစ်ပိုင်တစ်နိုင်စက်မှုဇုန်များပဲ ထူထောင်လို့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ ကမ္ဘာလှည့်ခရီးသွားတွေ ဝင်ရောက်ခြေဆန့်လာဖို့ မြို့တော်တစ်ခုလည်း မဖြစ်လာသေးဘူးဆိုတာ နေပြည်တော်လေဆိပ်ရဲ့ လေယာဥ်အဝင်/အထွက် ခရီးစဥ်ကို၊ ဝင်ရောက်မှု အခြေအနေများကို ကြည့်ပြီးတော့ တွေ့ရှိနိုင်ပါတယ်။ အဲဒီတော့ နေပြည်တော်ဟာ သေချာတာတစ်ခု ကတော့ စီးပွားရေးဆိုင်ရာ အချက်အချာ မြို့ပြတစ်ခုလည်း မဟုတ်ပါဘူး။ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်ရန် အဓိကဦးတည်ခြင်းလည်း မရှိပါဘူး။ အုပ်ချုပ်ရေးဆိုင်ရာ မြို့တော်ပဲ ဖြစ်ပါတယ်။ ကျွန်တော် ခုနကတုန်းက တင်ပြသွားတဲ့ နိုင်ငံတကာ မြို့တော်ကြီးတွေလို ဝါရှင်တန်ဒီစီ မှာဆိုရင် Capital Hall ရှိမယ်။ White House ရှိမယ်။ ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းပြီးတော့ ထူထောင် ထားတာပါ။

မြို့တစ်မြို့ဟာ မှီတင်းနေထိုင်တဲ့ လူဦးရေ (Population)ကို မေ့ပျောက်ပစ်လို့ မရပါဘူး။ စီးပွားရေးအလားအလာ၊ နောက်ပြီးတော့ အဲဒီစီးပွားရေးလုပ်ငန်းတွေ ထူထောင်ဖို့ ကုန်ထုတ်စွမ်းအားနဲ့ လူသားအရင်းအမြစ်၊ ကုန်ကြမ်းအရင်းအမြစ် အနေအထား ဒီဟာတွေအကုန်လုံးကို ပေါင်းခြုံပြီးတော့မှ တွက်ပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေမှာ မြို့နယ်(၈)မြို့နယ် ရှိပါတယ်။ ကျယ်ပြန့်တဲ့ဧရိယာတစ်ခု ဖြစ်ပါတယ်။ ဒီပြည်ထောင်စုနယ်မြေကြီးတစ်ခုလုံးကို စည်ပင် ဖွံ့ဖြိုးတိုးတက်မှာကို မလိုလားလို့ ဒီမေးခွန်းကို မေးမြန်းတာမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမှာမှီတင်းနေထိုင်တဲ့ လူဦးရေဟာ အုပ်ချုပ်ရေးဆိုင်ရာ မြို့တော်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အုပ်ချုပ်ရေးအပိုင်း၊ ဥပဒေပြုရေး အပိုင်း၊ တရားစီရင်ရေးအပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နေတဲ့သူတွေသာ များပါတယ်။ တကယ့်ဒေသခံ နယ်မြေခံတွေကလည်း ဒီမြို့တော်ကြီးကို ဒီလိုချဲ့ထွင်ပြီးတော့ တည်ဆောက်ဖို့၊ အရှိန်အဟုန်နဲ့ အခုထက်ထိ ဆက်ပြီးတော့ တည်ဆောက်နေတဲ့အတွက်ကြောင့်မို့လို့ လယ်သိမ်းခံ၊ မြေသိမ်းခံဘဝတွေနဲ့လည်း အတိဒုက္ခရောက်နေပါပြီ။

နောက်တစ်ခါ နေပြည်တော်ကောင်စီနယ်မြေမှာ သုံးတဲ့ ဘတ်ဂျက်အနေအထားဟာ နေပြည်တော်ကောင်စီဘတ်ဂျက်ကလည်း ကျခံသုံးစွဲပါတယ်။ နောက်တစ်ခါ နေပြည်တော် စည်ပင် သာယာရေးကော်မတီ အနေနဲ့လည်း ကျခံသုံးစွဲပါတယ်။ တစ်ခါတစ်ရံ အချို့အချို့သော စီမံကိန်းကြီး၊ လုပ်ငန်းကြီးတွေမှာ ဗိုလ်ရှုခံ အဆောက်အအုံကြီးလိုဆိုရင် နိုင်ငံတော်သမ္မတကြီးရဲ့ အထူးရန်ပုံငွေ ထဲကလည်း ကျခံသုံးစွဲပါတယ်။ အဲဒီတော့ နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်မှာ သုံးတဲ့ဘတ်ဂျက်

ဟာ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ သုံးစွဲတဲ့ဘတ်ဂျက်ထက်ကို ပိုပြီးတော့ များနေတယ် ဆိုတာလည်း စာရင်းဇယား၊ ကိန်းဂဏန်းတွေအရ အမြဲတမ်းဆွေးနွေးရင်တွေ့ရှိနေရပါတယ်။

အဲဒီတော့ တစ်ခါလည်း လွှတ်တော်မှာ မေးမြန်းခဲ့ပြီးပါပြီ ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာ ကန်တော်ကြီးမှာ မီးတွေအလှဆင်နေတာ။ အဲဒီ မင်္ဂလာကန်တော်ကြီးမှာ အနားယူ အပန်းဖြေမယ့်သူ မရှိပါဘူး။ ကျွန်တော်တို့ ရန်ကုန်မြို့တော်မှာရှိတဲ့ အင်းလျားကန်ပေါင်လို၊ ကန်တော်ကြီးလို လမ်းလျှောက်တဲ့သူတွေ၊ ဒီမှာ လုပ်ထားပေးပေမယ့် မရှိပါဘူး။ မန္တလေးကျုံးနံဘေးမှာဆိုရင် အမြဲတမ်း လူအပြည့်ရှိပါတယ်။ အဲဒီတော့ နေထိုင်တဲ့သူအပေါ်မှာပဲ မူတည်ပြီးတော့ Town Plan တစ်ခုကို ဆွဲပြီးတော့ ဆောင်ရွက်ရမယ့်အစား ကျွန်တော်တို့ ဒီလိုမျိုး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လမ်း(၂၀) သွားတွေ၊ လမ်းတွေ၊ လမ်းတွေ တောက်လျှောက် တောက်လျှောက် ကွန်ရက်ကြီးသဖွယ် ဖောက်နေတာ တွေလည်း တွေ့ရပါတယ်။ မြေယာတွေ ဖော်ထုတ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒါတွေကို ဘယ်လို Utilities လုပ်မှာလဲ။ လမ်းတွေကို ဘယ်သူတွေက အသုံးပြုပါသလဲ။

ကျွန်တော်တို့ နေပြည်တော်နဲ့ ချိတ်ဆက်နေတဲ့ နေရာတွေကို သွားတဲ့ လမ်းတွေ ဖောက်ထား တာဆိုရင် တစ်ခါတစ်ရံမှာ ကားမပြောနဲ့ ဆိုင်ကယ်တောင် သွားတာမရှိပါဘူး။ ဒီလို လမ်းမျိုးတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အဓိကတင်ပြချင်တာကတော့ နေပြည်တော်မှာ တည်ဆောက်ရေးလုပ်ငန်း တွေဟာ ရပ်တန်းက ရပ်သင့်ပါပြီ။ လုံလောက်မှုရှိပြီလို့ တင်ပြလိုပါတယ်။

သို့ဖြစ်ပါတဲ့အတွက်ကြောင့်မို့လို့ မေးခွန်း(၃)ခု ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ် ခင်ဗျား။ (၁)မေးခွန်းကတော့ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်အတွင်းမှာ မှီတင်းနေထိုင်တဲ့ လူဦးရေ၊ စီးပွားရေး အလားအလာ၊ ကုန်ထုတ်စွမ်းအားနှင့် ဒီဟာတွေအပေါ်မှာ တည်မှီနေတဲ့ လူသား အရင်းအမြစ်နှင့် ကုန်ကြမ်းအရင်းအမြစ်အနေအထား၊ ခရီးသွားဝင်ရောက်မှု အစရှိတဲ့ အချက်အလက် တွေကို ထည့်သွင်းတွက်ချက်ထားတဲ့Town Plan တစ်ခု ရှိ/မရှိ။ ရေးဆွဲထားတဲ့ မျှော်မှန်း Town Plan တစ်ခုရှိတယ်ဆိုရင်လည်း ဆယ်စုနှစ်တစ်ခုကြာမြင့်ခဲ့တဲ့ ကာလအတွင်းမှာ မျှော်မှန်းချက်တွေနဲ့ လက်တွေ့ ကွာဟမှုတွေကို လေ့လာသုံးသပ်ခဲ့ခြင်း ရှိ/မရှိ။ နောက်ဆုံးမေးခွန်းကတော့ တိကျတဲ့ မြို့ပြစီမံကိန်း တစ်ရပ်ကို ရေးဆွဲပြီးတော့ လက်တွေ့ကျတဲ့ ကျစ်လစ်စွာ ဖွဲ့စည်းထားတဲ့ အုပ်ချုပ်ရေးမြို့တော်တစ်ရပ် အဖြစ် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ။ ဒီမေးခွန်း (၃)ခုကို ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၂။**

**ဦးကံချွန် (အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး

ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့၍ ကျန်းမာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ဌေး မှ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ထိခိုက်မှု ယာဉ်အန္တရာယ်မဖြစ်စေရန် မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော် အတွင်းရှိ အဓိကလမ်းမကြီးများဖြစ်တဲ့ ရာဇသင်္ဂဟလမ်းတွင် အေလာလမ်းဆုံမှ ဗောဓိကုန်းလမ်းဆုံ အထိ အပိုင်း၌ (၆)ပေအကျယ် ကွန်ကရစ်ဆိုင်ကယ်သွားလမ်းအား လည်းကောင်း၊ ဗောဓိကုန်းလမ်းဆုံမှ သပြေကုန်း အဝိုင်းအထိ အပိုင်း၌ လေးလမ်းသွားလမ်းမှ ယာဘက် အစွန်ဆုံးလမ်းအား ဆိုင်ကယ်သွား လမ်းများ အဖြစ် မျဉ်းဝါကြောများ ရေးဆွဲခြင်း၊ ဆိုင်ကယ်ရုပ်ပုံများ ရေးဆွဲထားရှိခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ထားရှိပါတယ်။

ရာဇဌာနီလမ်းမကြီးမှာ ကုမုဒြာကြာပန်းအဝိုင်းမှ ဥပ္ပါတသန္တိစေတီတော်အထိအပိုင်းတွင် (၁၀)ပေအကျယ် ကွန်ကရစ်ဆိုင်ကယ်သွားလမ်းအား ဆောင်ရွက်ထားရှိပါတယ်။ ပျဉ်းမနား-တောင်ညိုလမ်းမှာ ပျဉ်းမနားမြို့အထွက်မှ မြို့တော်ခန်းမအထိအပိုင်းတွင် လက်ယာဘက် အစွန်ဆုံးလမ်းအား ဆိုင်ကယ်သွားလမ်းအဖြစ် မျဉ်းဝါကြောများ ရေးဆွဲခြင်း၊ ဆိုင်ကယ်ရုပ်ပုံများ ရေးဆွဲထားခြင်းဖြင့် လည်းကောင်း၊ ဇေယျာဌာနေလမ်းမကြီးတွင်လည်း ရဲချုပ်ရုံးမှ သစ်တောရုံးအထိအပိုင်းတွင် (၆)ပေ အကျယ် ကွန်ကရစ်ဆိုင်ကယ်သွားလမ်းများအဖြစ် ဆောင်ရွက်ထားရှိပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျန်ရှိသော လမ်းများတွင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးဥပဒေအရ အနှေးယာဉ်များ၊ ဆိုင်ကယ်များအားလုံးသည် လမ်း၏ လက်ယာဘက် အစွန်ဆုံးလမ်းမှသာ သွားလာရန် သတ်မှတ်ထားရှိပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ မော်တော်ဆိုင်ကယ်သွားလမ်းများအား သတ်မှတ်ဆောင်ရွက်ပြီးဖြစ်သဖြင့် ၎င်း သတ်မှတ်ထားသည့် လမ်းကြောင်းများအတိုင်း မောင်းနှင် သွားလာနိုင်ရေးအတွက် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မော်တော်ဆိုင်ကယ်များ စည်းကမ်းတကျ သွားလာနိုင်ရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာမြတ်ဉာဏစိုးမှနေပြည်တော်အတွက် လက်တွေ့ကျသည့် မြို့ပြစီမံကိန်း Town Plan တစ်ခု ချမှတ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျွန်တော် ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြစီမံကိန်းတစ်ခုရေးဆွဲအကောင်အထည်ဖော်တဲ့အခါမှာ ဖော်ဆောင်လိုတဲ့ရည်ရွယ်ချက်အား ဦးစွာ ရွေးချယ်ချမှတ်ပြီး နေပြည်တော်အား တည်ဆောက်ရာတွင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ စည်းလုံးညီညွတ်ရေးစတဲ့ အမြင်များကို အခြေခံ၍ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ပြီး နိုင်ငံတော်ရဲ့ နိုင်ငံတကာအဆင့်မီ အုပ်ချုပ်ရေးမြို့တော်အဖြစ် ရည်ရွယ်ချက်ဖြင့် မြို့ပြစီမံကိန်းရေးဆွဲ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ နေပြည်တော်အား မြို့ပြစီမံကိန်းအရ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်

အဦများဖြစ်တဲ့ လမ်း၊ ရေပေးဝေရေး၊ လျှပ်စစ်မီး၊ ရေမြောင်း၊ မိလ္လာစနစ်၊ အမှိုက်သိမ်းစနစ် လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်တဲ့ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေး၊ ကစားကွင်း၊ ပန်းခြံစသည်တို့အား ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ရာ အဓိကကျသော အခြေခံအဆောက်အဦများမှ အစိတ်အပိုင်းအချို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သော်လည်း Town Plan အရ အပြီးသတ်လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် တည်ဆောက်ပြီး အခြေခံ အဆောက်အဦများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခြင်း၊ မြို့ပြဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ကြောင်းအောက်ပါအတိုင်းဖြေကြား အပ်ပါတယ်။

(၁)နေပြည်တော်အား Town Plan ရေးဆွဲရာတွင် မြို့ပြဖော်ဆောင်လိုသည့်ရည်ရွယ်ချက်၊ ဒေသတွင်းမူလလူဦးရေ၊ မူလစီးပွားရေး၊ လမ်းပန်းဆက်သွယ်မှုတို့အား အခြေခံ၍နောင်တိုးတက်လာမည့် လူဦးရေ၊ လမ်းပန်းဆက်သွယ်မှု လိုအပ်ချက်များ ဖော်ဆောင်ပေးနိုင်မည့် စီးပွားရေးလုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများ ထည့်သွင်းတွက်ချက်၍ Town Plan ရေးဆွဲထားရှိပြီး နိုင်ငံတော်၏ မြို့တော်နေပြည်တော်အား အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ပါတယ်။ (၂)နေပြည်တော်ရဲ့ Town Plan အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျှော်မှန်းရေးဆွဲခဲ့သော Town Plan နှင့် လက်တွေ့အကောင်အထည်ဖော်မှု အပိုင်းတွင် အားသာချက်၊ အားနည်းချက်တို့အား ပြန်လည်လေ့လာဆန်းစစ်ခြင်းများကို ဆောင်ရွက်နေပြီး တွေ့ရှိချက်၊ သုံးသပ်ချက်များအား အများပြည်သူ အကျိုးစီးပွားကို ရှေးရှုသည့် မြို့ပြဖွံ့ဖြိုးမှု အသွင်သဏ္ဍာန်ဆောင်သော အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်ကို အကောင်အထည်ဖော် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

(၃)နေပြည်တော်အား Town Plan ရေးဆွဲစဉ်ကပင် နိုင်ငံတကာအဆင့်မီ သန့်ရှင်း၊သပ်ရပ်၊ သာယာ၊လှပ၊စိမ်းလန်းစိုပြည်သော Green City အဖြစ်ဖော်ဆောင်ရန် ဇုန်အလိုက်ခွဲခြားဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများအား Town Plan အတိုင်း လိုအပ်သည်များကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ ဆောင်ရွက်ပြီး အခြေခံအဆောက်အဦများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခြင်း၊ မြို့ပြနေပြည်သူများရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေအား ပိုမိုသုံးစွဲခြင်းမရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၆)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ၂၁-၁၁-၂၀၁၄

ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၂-၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခုအမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမြန်လမ်းမကြီးဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမြန်လမ်းမကြီး ဥပဒေကြမ်းအားဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမြန်လမ်းမကြီး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဝန်ကြီး အနေနဲ့ ဆွေးနွေးစရာရှိလို့ရှိရင် သဘောတူ/မတူ မေးတဲ့အချိန်မှာ ဝင်ရောက်ဆွေးနွေးလို့ ရပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးကျော်လွင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအမြန်လမ်းနဲ့ပတ်သက်တဲ့ အမြန်လမ်းဥပဒေကြမ်းအား ကျွန်တော်တို့ အခေါက်ခေါက်အခါခါ ကျွန်တော်တို့ အနေအထားအားလုံးကို လေ့လာပြီးတော့ ကျွန်တော်တို့ ပြည်သူများရဲ့ အကျိုးစီးပွား အတွက် ကျွန်တော်တို့ လမ်းအသုံးပြုသူများအတွက် အမှန်တကယ်လိုအပ်တဲ့ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေကြမ်းတစ်ခုအနေနဲ့ ဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီအမြန်လမ်းမကြီး ဥပဒေကို အမျိုးသားလွှတ်တော်ကနေတစ်ဆင့် အတည်ပြုပေးဖို့ တင်ပြတောင်းခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက် -

အမြန်လမ်းမကြီးဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်     ။)

၁၃၇၆ ခုနှစ်၊                လ၊            ရက်

(၂၀၁၅ ခုနှစ်၊              လရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၂(က)(ဆ)(ည)(ဍ)

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) အမြန်လမ်းမကြီးဆိုသည်မှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် လမ်းမကြီးကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းလမ်းမကြီး၏ လမ်းတစ်ဘက်တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ယင်းလမ်းမကြီးပေါ်ရှိ တံတားများလည်း ပါဝင်သည်။

(ဆ) လမ်းပခုံးဆိုသည်မှာ လမ်းတာပေါင်တွင် ယာဉ်သွားလမ်း၏ တစ်ဘက်တစ်ချက်၌ ရှိပြီး၊ မော်တော်ယာဉ်အရေးပေါ်ရပ်နားနိုင်ရန်နှင့် လမ်းသားမပျက်စီးစေရန် ထိန်းသိမ်းထားသော အစိတ်အပိုင်းကိုဆိုသည်။

(ည) အမြန်လမ်းမကြီးအင်္ဂါရပ်များ ဆိုသည်မှာ အမြန်လမ်းမကြီးပေါ်တွင်ဖွဲ့စည်းပါဝင်သည့် လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ လမ်းနယ်တိုင်၊ လမ်းဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း၊ ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ အကာ

အကွယ်၊ လမ်းအသုံးပြုခကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည့် အစုအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

(ဍ) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ထားသည့် အတိုင်း ဖွဲ့စည်းပြီး အမြန်လမ်းမကြီးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပိုင်ခွင့် ရှိသည့်အဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂(က)(ဆ)(ည)(ဍ)ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂ (က)(ဆ)(ည)(ဍ)သည်ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃(က)(ခ)(ဂ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမြန်လမ်းမကြီးများကို တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် မော်တော်ယာဉ်များ သွားလာမှုကို စီမံခန့်ခွဲခြင်း၊ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြု ခ ကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

( ခ ) အမြန်လမ်းမကြီး အသုံးပြုသူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှု နှင့် သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

( ဂ ) အမြန်လမ်းမကြီးများကို အသုံးပြု၍ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ နိုင်ငံသားတို့၏ လူမှု စီးပွားဘဝ တိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄(င)(စ)၊ အပိုဒ် ၅(ဂ)(င)(စ)(ဈ)(ဋ)၊ အပိုဒ် ၆(ခ)

၄။ ဝန်ကြီးဌာနသည် အမြန်လမ်းမကြီးဆိုင်ရာ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်

(င) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကို လမ်းညွှန်ခြင်း၊

**ဥက္ကဋ္ဌ**။ ။ အခုက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလား၊ ဦးစီးဌာနလား၊ ကိုက်ညီရဲ့လား၊ ဝန်ကြီးကြည့်လိုက်ပါ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုတာ မှန်သလား၊ ဦးစီးဌာန ဖြစ်သွားပြီလား။ အဲဒီဥစ္စာက ဦးစီးဌာနဖြစ်သွားပြီလား။ လုပ်ငန်းပဲလား။

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းပုံပြောင်းသွားလား။ ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနလို့ ဖြစ်ရမှာပေါ့နော်။ ဟုတ်တယ်နော်။

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ အမှန်မှာတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုတာ ဒီလမ်းမကြီးကို တာဝန်ယူထားတဲ့ အဖွဲ့အစည်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ပေးထားလို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီစကားရပ် မှန်သလား။

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ မှန်ပါတယ်။

(စ) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနပြုခြင်း စသည့် အမြန်လမ်းမကြီးဆိုင်ရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည် -

(ဂ) အမြန်လမ်းမကြီးများဖောက်လုပ်ရန်၊ ထိန်းသိမ်းပြုပြင်ရန်နှင့် တိုးချဲ့ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊ လိုအပ်ပါကသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပ စီးပွားရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ် ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်း၊

(စ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ရာတွင် မြေသိမ်းယူ ခြင်းနှင့် အဆောက်အအုံ ဖယ်ရှားခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီး ဖောက်လုပ်နိုင်ရေးအတွက် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး သက်ရောက်မှုများကို ဆန်းစစ်စေခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) အမြန်လမ်းမကြီးဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် -

(ခ) ပုဒ်မခွဲ(က)အရ အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာန မှ ဒုတိယဝန်ကြီးတစ်ဦး ဥက္ကဋ္ဌအဖြစ်ပါဝင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ရှိအရာ ထမ်းများ၊ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များနှင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(င)(စ)၊အပိုဒ် ၅(ဂ)(င)(စ)(ဆ)(ဇ)၊ အပိုဒ် ၆(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(င)(စ)၊အပိုဒ် ၅(ဂ)(င)(စ)(ဆ)(ဇ)၊ အပိုဒ် ၆(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၇(ဥ)(ပ)

၇။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ဉ) အမြန်လမ်းမကြီးတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်း ရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ပ) အမြန်လမ်းမကြီး၌ မော်တော်ယာဉ် မောင်းနှင်ရာတွင် ယာဉ်မောင်း မကျွမ်းကျင်မှု ကြောင့် မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်ခြင်းကို လျော့နည်းစေရန် အမြန်လမ်းမ ကြီး၌ မော်တော်ယာဉ်မောင်းနှင်သူ တစ်ဦးတွင်ရှိရမည့် အနည်းဆုံးယာဉ်မောင်း သက်တမ်းနှင့် ကျွမ်းကျင်မှုအဆင့်ကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နှင့် ညှိနှိုင်းသတ်မှတ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၇(ဉ)(ပ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(ဉ)(ပ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၈(က)(င)၊ အပိုဒ် ၉(က)(ခ)

၈။ မော်တော်ယာဉ်များသည် အမြန်လမ်းမကြီးများ၌ မောင်းနှင်သွားလာရာတွင် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) အမြန်လမ်းမကြီးများသို့ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်သွားလာခြင်းကို သတ်မှတ် ထားသည့် အတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ခြင်း၊

(င) အမြန်လမ်းမကြီးအုပ်ချုပ်မှု ကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အခါ အားလျော်စွာ သတ်မှတ်သည့် အမြန်လမ်းမကြီးနှင့် သက်ဆိုင်သော စည်းကမ်းချက် များကို လိုက်နာခြင်း။

၉။ အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော မော်တော်ယာဉ်များမှအပ အခြားမောင်းနှင်သည့် မော်တော်ယာဉ်များသည် -

(က) အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီ သို့မဟုတ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်သည့် အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

(ခ) လိုအပ်သည့်နေရာများ၊ လမ်းအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့် သတ်မှတ်အမြန်နှုန်း **အ**တွင်းသာ မောင်းနှင်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၈(က)(င)၊အပိုဒ် ၉(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(က)(င)၊ အပိုဒ် ၉(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀(ခ)(ဂ)၊ အပိုဒ် ၁၁

၁၀။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမြန်လမ်းမကြီး နယ်နိမိတ်နှင့် ဆက်စပ် ဧရိယာအတွင်းတွင် -

(ခ) ယာဉ်ရပ်နားစခန်းများတွင် ရုံး၊ မော်တော်ယာဉ်ပြင် အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ နားနေခန်းနှင့် ယာဉ်ရပ်နားစခန်းအတွက် လိုအပ်သည့် အဆောက်အအုံများကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းတို့ကို စီမံခန့်ခွဲခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း ပြုနိုင်သည်။

(ဂ) မိမိ၏ဝန်ထမ်းများ နေထိုင်ရန် အိမ်ရာများ၊ အဆောက်အအုံများ ဆောက်လုပ်နိုင်သည်။

၁၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး နယ်နိမိတ်ပြင်ပတွင် ယာဉ်ရပ်နားစခန်း အဆောက်အအုံများ အပါအဝင် အမြန်လမ်းမကြီးနှင့် သက်ဆိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ အခွန်အခစည်းကြပ်ကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၁၀(ခ)(ဂ)၊အပိုဒ် ၁၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀(ခ)(ဂ)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃

၁၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် မော်တော်ယာဉ်၊ လူနှင့် ဖြတ်သန်းသွားလာခွင့်မပြုသည့် အခြားယာဉ်များ မောင်းနှင်ခြင်းသို့မဟုတ် ရပ်နားခြင်း၊ လူ၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းကြောင့် လူနှင့်ပစ္စည်းထိခိုက်မှု သို့မဟုတ် သေဆုံးမှုဖြစ်ပေါ်ပါက ဥပဒေနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာ၍ မောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန်မရှိစေရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇(ဂ)၊ အပိုဒ် ၁၈

၁၇။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ -

(ဂ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသည်ဟု သတ်မှတ်သော သစ်ပင်များကို ရှင်းလင်းခြင်းနှင့် လမ်းတိုးချဲ့ရန်အတွက် သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

၁၈။ မည်သူမျှ ဤဥပဒေပါ စည်းကမ်းချက်နှင့် ကန့်သတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုလုပ်ရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၁၇(ဂ)၊ အပိုဒ် ၁၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(ဂ)၊ အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅

၂၁။ မည်သူမဆို ပုဒ်မ ၁၅ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီး ဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

**ဥက္ကဋ္ဌ**။ ။ ချမှတ်ရမည့်အပြင် ဆိုတာ "အ" တစ်လုံး ကျန်ခဲ့တယ်။ ချမှတ်ရမည့် အပြင် ရပြီနော်။

၂၂။ မည်သူမဆို ပုဒ်မ ၁၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်(၁၀)သိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင်

အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၅။ မည်သူမဆိုပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ "အ" တွေ ပါတယ်နော်။ သိတယ်နော်

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(က)(ခ)(ဂ)

၂၈။ ဤဥပဒေ ပုဒ်မ၂၀၊ ပုဒ်မ၂၃၊ ပုဒ်မ၂၄ နှင့် ပုဒ်မ ၂၅ ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများ အဖြစ်သတ်မှတ်သည်။

၃၀။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီကို တာဝန်ခံရမည်။

၃၁။ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သော အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီဝင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အရာထမ်း၊ အမှုထမ်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ဤဥပဒေအရ အမြန်လမ်းမကြီးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ

ခန့်အပ်သည့် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပေါ် တရားမကြောင်း အရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(က)(ခ)(ဂ) သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

မူလဥပဒေကြမ်း၏အခန်း(၈)၊ အပိုဒ် ၁၆၊ အခန်း(၉)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၈(က)(ခ) တို့ကို ဥပဒေကြမ်း ကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ်၁၊

အခန်း(၂)၊ အပိုဒ် ၂(ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဈ)(ဋ)(ဌ)၊ အပိုဒ် ၃(ဃ)

အခန်း(၃)၊အပိုဒ်၄(က)(ခ)(ဂ)(ဃ)(ဆ)၊အပိုဒ် ၅(က)(ခ)(ဃ)(ဆ)(ဇ)(ည)၊ အပိုဒ် ၆ (က)(ဂ)၊

အခန်း(၄)၊ အပိုဒ် ၇(က)မှ(ဌ)ထိ၊

အခန်း(၅)၊ အပိုဒ် ၈(ခ)(ဂ)(ဃ)၊ အပိုဒ် ၉(ဂ)၊

အခန်း(၆)၊အပိုဒ် ၁၀(က)၊

အခန်း(၇)၊ အပိုဒ် ၁၂၊

အခန်း(၈)၊အပိုဒ် ၁၄၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ) တို့နှင့်

အမှတ်စဉ် ပြောင်းလဲထားသည့်

အခန်း(၈)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇(က)(ခ)(ဃ)၊ အပိုဒ် ၁၉၊

အခန်း(၉)၊ အပိုဒ် ၂၀၊

အခန်း(၁၀)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉ တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အမြန်လမ်းမကြီး ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ အမြန်လမ်းမကြီး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၂။**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ကျွန်တော်တို့ ပြင်ဆင်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ရေးဆွဲခဲ့တဲ့ အမြန်လမ်းမကြီးဥပဒေကို ပြန်လည်ပြင်ဆင်ချက်အားလုံးကို ကျွန်တော်တို့အနေနဲ့ သဘောတူပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းထားတဲ့ အမြန်လမ်းမကြီးဥပဒေကြမ်းအား အတည်ပြုပေးပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၂။**

**ဦးခင်မောင်ဋ္ဌေး၊မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းမကြီး ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းခြင်းအား ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဋ္ဌေး က ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမြန်လမ်းမကြီး ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ အမြန်လမ်းမကြီးဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အမြန်လမ်းမကြီးဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ကျန်တဲ့အစီအစဉ်တွေကို ရွှေ့ဆိုင်းလိုက်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) က်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

၁၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]